MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 9, September 2023

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ အားကစားကွင်းနှင့် အားကစားရုံများ လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်






**လွိုင်ကော်၊ စက်တင်ဘာလ(၂၁)ရက်။**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ကြက်တောင်အားကစားရုံ၌ ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို ဘက်စုံကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန် အားကစားသမားများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်မိမိကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ပြည်နယ်အတွင်းရှိ အားကစားဝါသနာရှင်များကလည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့်လူငယ်ရေးရာကဏ္ဍ ဆောင်ရွက်မှုများ၊ ပြည်နယ်အတွင်း အားကစားကွင်းများ ဆောင်ရွက်ထားရှိမှု၊ ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်မှုကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း အားကစားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားကွင်း၊ အားကစားရုံအတွင်းရှိ အားကစားပွဲကြည့်စင်များနှင့် မီတာ ၄၀၀ ပြေးလမ်းတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ကရာတေးအားကစားရုံ၌ ကျင်းပပြုလုပ်သည့် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ဘောလခဲမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်ကိုယ်စားပြု အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆု

စာမျက်နှာ(၂)သို့

























မျက်နှာဖုံးသတင်း ∙ ∙ ∙ မှအဆက်

ရရှိသည့် ဘောလခဲမြို့နယ်အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှားတောမြို့နယ်အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းတို့ကို ဆုတံဆိပ်၊ တံခွန်စိုက် ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ဆုရအားကစားသမားများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် (၂၄)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပြည်နယ်အဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်သည့်ခရီးစဉ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ လှည့်လည်ကြည့်ရှုအားပေး




















● လွိုင်ကော်၊ စက်တင်ဘာလ(၁၄)ရက်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)၌ ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က




အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)အတွက် ထောက်ပံ့ငွေများ ပေးအပ်ကြကာ ဆရာ/ ဆရာမများ၊ သင်တန်းသား/သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသော အားကစားလှုပ်ရှားမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အားကစားနည်းများအလိုက်

စာမျက်နှာ(၄)သို့

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ(၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်









● နေပြည်တော်၊ စက်တင်ဘာလ(၁)ရက်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့မှ စက်တင်ဘာလ(၂)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့်(၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အိမ်ရှင်ထိုင်းနိုင်ငံမှ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E Phiphat Ratchakitprakarn က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယခုကျင်းပပြုလုပ်သည့် (၇)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၊ ယခင်ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် (၅)ကြိမ်မြောက်နှင့်(၆)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၊ (၁၃)ကြိမ်မြောက်နှင့် (၁၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၊ အခြားဆက်စပ်အစည်းအဝေးများနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အခြေအနေများအား အစီရင်ခံတင်ပြခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား လည်းကောင်း၊ တားမြစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဆက်လက်ပြီး 6th SOMS+ Japan နှင့် 4th AMMS+Japan အစည်းအဝေးများ၌ အားကစားကဏ္ဍ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွင် ကာယပညာဆရာ၊ ဆရာမများနှင့် နည်းပြများ၊ အမျိုးသမီးများ အားကစားတွင်ပါဝင်လာမှု တိုးတက်လာစေရေး၊ မသန်စွမ်းသူများအတွက် အားကစားမြှင့်တင်ရေး၊ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့ပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အသီးသီး ဖြည့်စွက်ဆွေးနွေး တင်ပြခဲ့ကြပြီး နံနက်ပိုင်း အစီအစဉ်အား ခေတ္တရပ်နားခဲ့သည်။

အစည်းအဝေး နေ့လယ်ပိုင်းတွင် အဖွဲ့ဝင်နိုင်ငံများကိုယ်စား တရုတ်နိုင်ငံ ကိုယ်စားလှယ်က ၎င်းတို့၏ အားကစားကဏ္ဍ အာဆီယံလုပ်ငန်းစီမံချက် ၂၀၂၁-၂၀၂၅ အောက်ရှိ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရိုးရာအားကစားနည်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးနှင့်အောင်မြင်မှု ရရှိစေရေးတို့အတွက် လိုအပ်သည်များကို ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ 1st AMMS + China အစည်းအဝေး ဆွေးနွေးချက်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် အဆိုပြုချက်များကို အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်များတွင် အိမ်ရှင်ဥက္ကဋ္ဌအဖြစ် ဗီယက်နမ်နိုင်ငံမှ လက်ခံကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုတင်ပြချက်များ၊ အထွေထွေ တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူး၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

---

▶ စာမျက်နှာ(၃)…မှအဆက်

အသုံးပြုသောပစ္စည်းများ၊ ကျောင်းဝင်းအတွင်းရှိ သင်တန်းသား/ သင်တန်းသူများ၏ အိပ်ဆောင်၊စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် အားကစားခန်းမအတွင်း အားကစားနည်းများအလိုက် လေ့ကျင့် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြကာ ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ(၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ








● ရန်ကုန်၊ စက်တင်ဘာလ(၂)ရက်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်နေ့မှ စက်တင်ဘာလ(၂)ရက်နေ့ အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့်(၇)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများ (Seventh ASEAN Ministerial Meeting on Sports AMMS-7 and Related Meetings)သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဩဂုတ်လ(၂၇)ရက်နေ့မှ စက်တင်ဘာလ (၂)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Fourteenth ASEAN Senior Officials Meeting On Sports SOMS-14 and Related Meetings) သို့ တက်ရောက်ခဲ့သည့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အဖွဲ့တို့သည် ယနေ့ညနေ (၁၈း၀၀)နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေယာဉ်အမှတ် TG- 303ဖြင့် ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က သွားရောက်ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အားကစားအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား






● နေပြည်တော်၊ စက်တင်ဘာလ(၈)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အားကစားအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားအား ယနေ့နံနက်(၉)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B) ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် 32nd SEA Games ပြိုင်ပွဲအပြီး 33rd SEA Games ပြိုင်ပွဲ ကျင်းပရန် လိုနေသေးသည့် အချိန်ကာလတွင် အားကစားနည်းအလိုက် အသင်းအုပ်ချုပ်သူများ အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အနည်းငယ်လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ အားကစားနည်း အောင်မြင်မှု ရရှိစေရေးအတွက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အုပ်ချုပ်သူများအနေဖြင့် အားကစားသမားများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၏ နေထိုင်သွားလာ၊ စားသောက်၊ လေ့ကျင့်မှုများကို အမြဲတမ်းလေ့လာစောင့်ကြည့်လျက်ရှိကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများကို စနစ်တကျ လေ့ကျင့်ပေးရန်လိုကြောင်း၊ နည်းပြကောင်းများဖြစ်မှသာ အားကစားသမားကောင်းများကို

စာမျက်နှာ(၆)သို့

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ကျင်းပ





● နေပြည်တော်၊ စက်တင်ဘာလ(၁၂)ရက်။

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ယနေ့နံနက် (၉)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ စတင်ကျင်းပခဲ့သည်။

ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲများအား ယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသမီး (၄၅) ကီလိုတန်းပြိုင်ပွဲတွင် မယဉ်ယဉ်ထွေး(ပဲခူး)က ပထမ၊ မချိုဇင်မြင့် (မကွေး)က ဒုတိယ၊ မခိုင်သဇင်အောင်(ရောဝတီ)က တတိယနှင့် အမျိုးသား(၅၅)ကီလို ပြိုင်ပွဲတွင် မောင်ထက်အာကာဖြိုး (မကွေး)က ပထမ၊ မောင်ပြည့်စုံဦး(ရောဝတီ)က

▶▶





▶ စာမျက်နှာ(၅)...မှအဆက်

မွေးထုတ်ပေးနိုင်မည် ဖြစ်ကြောင်း၊ နည်းပြကောင်း တစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများနှင့်ကိုက်ညီအောင် စည်းကမ်းရှိရှိ စနစ်တကျ နေထိုင်သွားကြရန် လိုကြောင်း၊ အားကစားသမားများတွင် ခိုင်မာသည့် ဇွဲ၊ စိတ်ဓာတ်၊ ခံယူချက်ကောင်းများရှိအောင် နည်းပြများမှ အနီးကပ်သွန်သင် ဆုံးမပေးရန်လိုကြောင်း၊ မိမိအားကစားသမားများကို ဆုတံဆိပ်များရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ရာတွင် နည်းပြကောင်းများရှိရန် လိုအပ်သလို အားကစားသမားကောင်းများရှိရန် လိုအပ်ကြောင်း၊ အနာဂတ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ဆောင်ရွက်ရာတွင် နည်းပြဆရာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ အားကစားသမားများအနေဖြင့်လည်း နည်းပြများ လေ့ကျင့်သင်ကြားပေးသည့်အတိုင်း လေ့ကျင့်မှုများ ပြုလုပ်သွားရန်လိုကြောင်း၊ မိမိတို့၏ အရည်အသွေး၊ အရည်အချင်းများတိုးတက်မှုရှိစေရန် လိုအပ်



သည့်လေ့ကျင့်မှုများကို အမြဲပြုလုပ်သွားရန်လိုအပ်ကြောင်း၊မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာအားကစားနည်းများတွင် သတ်မှတ်စံချိန်/စံညွှန်းကောင်းများ ရရှိသည့် အားကစားသမားများကိုသာ နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ခွင့် ပြုမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင်လည်း နောက်ဆုံးအချိန်အထိ မလျှော့သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်ပြီး အရည်အချင်းရှိသည့် အားကစားသမားကောင်းများ ဖြစ်လာစေရန် အားသွန်ခွန်စိုက် ကြိုးစားလေ့ကျင့်ကြစေလိုကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အားကစားသမားများကို နေပြည်တော်တွင် Camp သွင်းပြီး စနစ်တကျ လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊အနာဂတ်တွင် ထူးချွန်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် နေပြည်တော်တွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်းကို ဖွင့်လှစ်ပြီး လူငယ်အားကစားသမားများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိဝါသနာပါသည့် အားကစားနည်းကို ရွေးချယ်၍ လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ရည်မှန်းချက်ရှိမှသာ အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်ရရှိသည့် အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံတွင်ကျင်းပမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခင်နှစ်များထက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိစေရန် အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Friendship Power Co., Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းမြက်ခင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ မြက်ခင်းရေရှည် ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

# မြားပစ်အားကစားနည်း လက်ရည်ဆန်းစစ်ပွဲ ကျင်းပ





● နေပြည်တော်၊ စက်တင်ဘာလ(၁၄)ရက်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြားပစ်အားကစားနည်း အောင်မြင်မှုရရှိစေရန်၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှ လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ လူငယ်မျိုးဆက်သစ် မြားပစ် အားကစားသမားများအား ပြိုင်ပွဲအတွေ့အကြုံများ ရရှိစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြားပစ်အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်း မြားပစ်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်နေ့နှင့်(၁၄)ရက်နေ့များတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့သည်။



ယနေ့ကျင်းပသော အမျိုးသား/အမျိုးသမီး(Recurve) တတိယလုပွဲနှင့် အမျိုးသား/အမျိုးသမီး (Compound) တတိယလုပွဲများကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး (Compound)ဗိုလ်လုပွဲနှင့် အမျိုးသား/ အမျိုးသမီး(Recurve) ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား/အမျိုးသမီး (Compound) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်ဇင်သူရိန်မှူး၊ ဒုတိယဆုရရှိသည့် မစုစုလှိုင်နှင့် တတိယဆုရရှိသည့် မောင်မြင့်မြတ်ဗိုလ်တို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး(Recurve) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မပြည့်စုံနှင်း၊ ဒုတိယဆုရရှိသည့်

စာမျက်နှာ(၉)သို့ ▶





▶▶

ဒုတိယနှင့် မောင်မျိုးမင်းထက် (ရောဝတီ)က တတိယ အသီးသီးရရှိခဲ့ကြပြီး မောင်ထက်အာကာဖြိုး(မကွေး)သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲသတ်မှတ်စံချိန် (၉၅)ကီလိုကို (၉၆)ကီလိုဖြင့် အမြန်မ စံချိန်သစ် တင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၁၃.၉.၂၀၂၃)ရက်နေ့ နံနက် (၉)နာရီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး(၄၉)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၆၁)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး (၅၅)ကီလိုပြိုင်ပွဲများအား ဆက်လက်ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို စက်တင်ဘာလ (၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း (၁၃)သင်း၊ အမျိုးသမီးအသင်း(၁၁)သင်း၊ ပြိုင်ပွဲဝင် အင်အားစုစုပေါင်း(၁၇၂)ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ










● နေပြည်တော်၊ စက်တင်ဘာလ(၁၆)ရက်။

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ နံနက်(၉)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့သည်။



ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၉၆)ကီလိုပြိုင်ပွဲ၊ အမျိုးသား(၁၀၂) ကီလိုပြိုင်ပွဲ၊ အမျိုးသား(၁၀၉)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး(၇၆)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး(၈၁)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး(၈၇)ကီလိုနှင့်အထက် ပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး(၇၆)ကီလိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း၊ အမျိုးသမီး(၈၁)ကီလိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများနှင့် အမျိုးသမီး(၅၉) ကီလိုပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မသတ်မှတ်စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသား (၉၆)ကီလိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများနှင့် အမျိုးသား(၅၅) ကီလိုပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မသတ်မှတ်စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းကလည်းကောင်း၊ အမျိုးသား(၁၀၂) ကီလိုပြိုင်ပွဲနှင့်အမျိုးသား(၁၀၉)ကီလိုပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများနှင့် အမျိုးသား(၇၃) ကီလိုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ဆင့်မ စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ အမျိုးသမီး(၄၉)ကီလို

▶▶




















စာမျက်နှာ(၇)...မှအဆက်

မောင်သီဟထက်ဇော်နှင့် တတိယဆုရရှိသည့် မောင်ကောင်းခန့်မော်တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါမြားပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

---

ပြိုင်ပွဲနှင့် အမျိုးသား(၆၇)ကီလိုပြိုင်ပွဲတို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသမီး(၆၄)ကီလိုပြိုင်ပွဲနှင့် အမျိုးသား(၈၉)ကီလိုပြိုင်ပွဲတို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားသမားများ၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ရှောဝတီ



တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ဆုတံဆိပ်များ၊ ဆုကြေးငွေများနှင့် တံခွန်စိုက်ဆုဖလားများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ အခမ်းအနားကျင်းပ









● နေပြည်တော်၊ စက်တင်ဘာလ(၁၉)ရက်။

လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ် မှန်ကန်စေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပခဲ့သည်။



ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များကို အတွေးအခေါ် မှန်ကန်ပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာဦးစီးဌာနကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်ခဲ့ရာတွင် လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” ဆိုသည့်အတိုင်း အနာဂတ်နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ရာတွင် ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က အားထားရသည့် လူငယ်များဖြစ်လာစေရန်အတွက် ပညာရေးကို အခြေခံပြီး ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်သည့်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာစေရန် ဆောင်ရွက်ပေးသွားမည် ဖြစ်သလို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာ မူဝါဒတွင် ပါဝင်သည့် အဓိကကဏ္ဍ(၁၆)ရပ်ကို အကောင်အထည် ဖော်ရာတွင် ဦးဆောင်ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် သက်ဆိုင်ရာပြည်သူလူထုနှင့် လက်တွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်လူရွယ်များသည် တိုင်းပြည်၏ အဖိုးတန် ရတနာများ ဖြစ်သည့်အတွက် နိုင်ငံတိုင်းတွင် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အကြီးအကဲအနေဖြင့်လည်း ပညာပြည့်ဝ နှလုံးလှသည့် လူငယ်များ၏အားကသာ နိုင်ငံတော်ကို စစ်မှန်သည့် အကျိုးဖြစ်ထွန်းစေခြင်းကြောင့် မောင်တို့ မယ်တို့သည် ပညာပြည့်ဝနှလုံးလှသည့် လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ စာအုပ်စာပေများ လေ့လာဖတ်ရှုမှတ်သားခြင်းဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးသည် အရေးကြီးသည့်အတွက် ကိုယ်လက်လှုပ်ရှား အားကစားကို ပြုလုပ်သွားကြရန်နှင့် ကျန်းမာသန်စွမ်းပြီး ထက်မြက်သည့် ကာယအား၊ ဉာဏအားများဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍ၌ပါဝင်၍ ကြိုးစားဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်းနှင့် ရည်မှန်းချက်စိတ်ကူးများဖြင့် ပညာရပ်များကို သင်ယူ၍ အနာဂတ်ကို ဦးဆောင်နိုင်သည့် လူငယ်မောင်မယ်များဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

▶▶









ဆက်လက်ပြီး နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍအသီးသီးမှာ ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရန်လိုကြောင်း၊ အတွေးအခေါ် အယူအဆကောင်းမွန်ပြီး တီထွင်ဖန်တီးနိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာမှသာလျှင် စီမံခန့်ခွဲမှုကောင်းသည့် ခေါင်းဆောင်ကောင်းများစွာပေါ်ထွက်လာပြီး တိုင်းပြည်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့်လည်း ကျောင်းသား/ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အသိဉာဏ်ပညာ ရင့်သန်၍ ဗလငါးတန်နှင့် ပြည့်စုံစေရန်အတွက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ Nay Pyi Taw State Academy၊ ရေဆင်းတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ ကျောင်းသား/ကျောင်းသူလူငယ်များအနေဖြင့် မိမိတို့သင်ကြားနေသည့် ကျောင်းစာအပြင် IT ပညာရပ်များနှင့် အင်္ဂလိပ်စာအပြင် နိုင်ငံတကာ ဘာသာစကားများကိုလည်း အမြဲတမ်းလေ့လာ ဆည်းပူးသွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။





ထို့နောက် စာရေးဆရာမ တင်ရီမ(ညောင်ဦး)က "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက "လူငယ်နှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောပို့ချခဲ့ပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားသမားလူငယ်များက Fitness Dance၊ ဗိုဗီနမ်နှင့် ဂျူဒိုအားကစားနည်းများကို သရုပ်ပြသခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ရာ နည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးမင်းမင်းထွန်းနှင့် နေပြည်တော် အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်တို့က လက်ခံခဲ့ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သရုပ်ပြအားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စာရေးဆရာမ တင်ရီမ(ညောင်ဦး)နှင့် ဒေါက်တာသန်းနိုင်စိုးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။


အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်များနှင့် ဆရာ/ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား/ကျောင်းသူ အင်အားစုစုပေါင်း(၄၀၀) ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား တွေ့ဆုံအားပေးစကားပြောကြား
















● ရန်ကုန်၊ စက်တင်ဘာလ(၂၀)ရက်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့မှ အောက်တိုဘာလ(၈) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့အနေဖြင့် အမျိုးသားဘောလုံး၊ အမျိုးသမီးဘောလုံး၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြားပစ်၊ E-Sports အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

ယနေ့ နေ့လယ်(၂)နာရီခွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဝင်းအတွင်းရှိ အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော ဝူရှူးအားကစားသမားများအားတွေ့ဆုံ၍ ပြိုင်ပွဲတွင် စံချိန်စံညွှန်း ကောင်းမွန်ပြီး အရည်အသွေး အရည်အချင်းပြည့်ဝစွာဖြင့် ယှဉ်ပြိုင်သွားရန်၊ နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို အထူးအလေးထား ဆောင်ရွက်လျက် ရှိသည့်အတွက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးကို အစွမ်းကုန် ကြိုးစားစေလိုကြောင်း၊ အားကစား အောင်မြင်မှုသည် မိမိနိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြင့်တက်စေပြီး တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်များကို နိုးကြားတက်ကြွစေသည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်အား အထင်ကြီးခြင်း၊ အထင်သေးခြင်းကင်းစွာဖြင့် နောက်ဆုံးစက္ကန့်အထိ မလျှော့သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်အပြည့်ဖြင့် အစွမ်းကုန် ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ အာရှအဆင့်ဖြစ်သည့်အတွက် ပြိုင်ဘက်ကောင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အတွေ့အကြုံကောင်းများလည်း ရရှိမှာဖြစ်ကြောင်း၊

▶▶




















ကျန်းမာရေးကောင်းမွန်မှသာ မိမိလေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲဝင်နိုင်မည်ဖြစ်သည့်အတွက် အသွားအလာ၊ အနေအထိုင်၊ အစားအသောက်များကို စနစ်တကျ စည်းကမ်းရှိရှိ ဆောင်ရွက်နိုင်ရေးကို နည်းပြ/အုပ်ချုပ်သူများက အနီးကပ်ကြည့်ရှု စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ အောင်မြင်မှုရရှိပါက နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမှာ ဖြစ်သည့်အတွက် အစွမ်းကုန် ကြိုးစားသွားကြရန် အားပေးစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းယားလမ်းရှိမြန်မာနိုင်ငံလေ့လျော်အဖွဲ့ချုပ်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော ပြိုင်ပွဲဝင်အားကစားသမားများကို အားပေးစကားပြောကြားရာတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲနှင့် အိုလံပစ် အားကစားပြိုင်ပွဲများသည် မြန်မာနိုင်ငံအနေဖြင့် အမြဲဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲများဖြစ်ကြောင်း၊ ယခုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲတွင်လည်း ယခင်ကရရှိခဲ့သည့် အောင်မြင်မှုများကဲ့သို့ရရှိအောင် အစွမ်းကုန်ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်ရှိ Wyndham Grand Hotel တွင် ညနေ(၆)နာရီ၌ ကျင်းပသည့် နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၉)နှစ်မြောက်အထိမ်းအမှတ်နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှေ့ခံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E Mr Harishchandra Ghimire က ကြိုဆိုနှုတ်ဆက်၍ အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံတော် သီချင်းတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး နီပေါနိုင်ငံရိုးရာ အကများဖြင့် ဖျော်ဖြေမှုအားကြည့်ရှုအားပေးခဲ့ကြောင်းသိရှိသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံပွဲအခမ်းအနားကျင်းပ

















● ရန်ကုန်၊ စက်တင်ဘာလ(၂၁)ရက်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ကျောင်းသား/ကျောင်းသူများသည် တိုင်းပြည်၏ နောင်အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြသည့်အတွက် မိမိ၏တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးပြီး အားကစားသာမကပညာရေးကိုပါ ထူးချွန်အောင်ဆောင်ရွက်၍ အားကစားဖြင့်နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားစေလိုကြောင်း၊ ၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ စံချိန်စံညွှန်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများကို ထည့်သွင်းရွေးချယ်ရန် စီစဉ်ထားရှိပါကြောင်းနှင့် အလားအလာရှိသောသူများကိုလည်း အတွေ့အကြုံရရှိစေရန် လေ့လာသူများအဖြစ် ရွေးချယ်သွားရန်လျာထားကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) စားရိပ်သာဆောင်၌ ယနေ့နေ့လယ် (၁၂)နာရီခွဲတွင် သင်တန်းသား/သင်တန်းသူများနှင့် အတူတကွနေ့လယ်စာသုံးဆောင်ပြီးနောက် သင်တန်းသား/သင်တန်းသူများအား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျိုက္ကဆံဝင်းအတွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တွေ့ဆုံအမှာစကား ပြောကြားရာတွင်

- ဝန်ထမ်းဆိုသည်မှာ မိမိနိုင်ငံနှင့်လူမျိုးအတွက် ကျရာအခန်းကဏ္ဍမှ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ဆောင်ရွက်ပေးရသည့် အမာခံများပင်ဖြစ်ပါကြောင်း၊

- ဝန်ထမ်းမိသားစု အားလုံး မိသားစုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီ၍ လိုအပ်ချက်ဖြည့်ဆည်းပေးပြီး စည်းလုံးချစ်ခင်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပေးရန်မှာ အရေးကြီးပါကြောင်း၊

- ဝန်ထမ်းတိုင်းသည် မိမိကိုယ်တိုင် အရည်အချင်း၊ အရည်အသွေးပြည့်ဝအောင် ကြိုးစားရင်း မိမိဌာန မိမိနိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျရာအခန်းကဏ္ဍမှနေ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

- ဝန်ထမ်းများအနေဖြင့် အထက်အောက် အပြန်အလှန်လေးစားမှုရှိပြီး အသေးအဖွဲလေးပါဟူသော အတွေးကိုဖျောက်၍ ဘယ်အရာမဆို စနစ်

▶▶















တကျ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊

- ဆက်စပ် အဖွဲ့အစည်းများ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းအောင်မြင်ပြီးမြောက်အောင် ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း၊

- တိုင်းပြည်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရန်မှာ ကျန်းမာရေးလည်း ကောင်းမွန်ရန် အဓိကလိုအပ်ပါကြောင်း၊

- ကျန်းမာရေးသည် ဘဝ၏ အခြေခံအကျဆုံး အုတ်မြစ်ဖြစ်သည့်အတွက် ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယဟု ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊

- အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဖြစ်သည့်အတွက် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်ရသလို လူငယ်များ အယူအလွဲ အမှားမရှိစေရန်နှင့် ယဉ်ကျေးမှု၊ ဗဟုသုတ ကြွယ်ဝမှု၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရှိစေရန် ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊

- ဝန်ထမ်းများအားလုံး နိုင်ငံရေးပရောဂ ကင်းရှင်းစွာဖြင့် နိုင်ငံ့တာဝန်ကို မိမိကျရာ အခန်းကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ကိုယ်စီကိုယ်စီ ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအား ငွေကျပ်(၈၃၄၁၁၂၅/-)တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း(၆)မျိုးထောက်ပံ့ပေးအပ်ရာ အားကစားနှင့် ကာပညာသိပ္ပံ(ရန်ကုန်) အရာထမ်း၊ အမှုထမ်းများကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကလည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးမျိုးသူရမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ အလှူငွေ (၅၃၆၉၀၀၀/-)ကျပ် ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က အလှူငွေ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူ ဖြစ်စေရန်အတွက် ဗလာစာအုပ်(၃၄၃)ဒါဇင်အား အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းသို့ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက လက်ခံရယူခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ်ဦးဌေးအောင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်း အကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးမျိုးသူရ၊ အားကစားနှင့် ကာပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် အရာထမ်း/အမှုထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

■

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ









● ရန်ကုန်၊ စက်တင်ဘာလ(၂၂)ရက်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ်တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ အုပ်ချုပ်မှုအဖွဲ့(၆)ဦး၊ ဝူရှူးအားကစားနည်းမှ ဒုတိယဥက္ကဋ္ဌနှင့် နည်းပြ(၁)ဦး၊ အမျိုးသား အားကစားသမား(၁)ဦး၊ အမျိုးသမီးအားကစားသမား (၃)ဦး၊ တိုက်ကွမ်ဒို အားကစားနည်းမှ အုပ်ချုပ်/နည်းပြ(၁)ဦးနှင့် အမျိုးသမီးအားကစားသမား (၁)ဦးတို့သည်



ယနေ့ နေ့လယ်(၁၁း၂၅)နာရီအချိန်၌ လေယာဉ်အမှတ် CZ -3056 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Pan Feng၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်နှင့် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြပါသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အမျိုးသားဘောလုံး/ အမျိုးသမီးဘောလုံး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ E-Sports၊ မြားပစ် အားကစားနည်း (၇)မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါသည်။ (၁၆.၉.၂၀၂၃)ရက်နေ့တွင် အမျိုးသားဘောလုံးအသင်း၊ (၁၉.၉.၂၀၂၃)ရက်နေ့တွင် အမျိုးသမီးဘောလုံးအသင်း၊(၂၁.၉.၂၀၂၃) ရက်နေ့တွင် မြန်မာ E-Sports (AOV) အသင်းတို့ ထွက်ခွာသွားခဲ့ကြပြီး ဆက်လက်၍ (၂၄.၉.၂၀၂၃) ရက်နေ့တွင် မြန်မာ E-Sports (PUBGM) အသင်း၊ (၂၆.၉.၂၀၂၃) ရက်နေ့တွင် မြန်မာ E-Sports (Dota-2) အသင်း၊ (၂၉.၉.၂၀၂၃) ရက်နေ့တွင် မြားပစ်နှင့် ပိုက်ကျော်ခြင်းအသင်း၊ (၂.၁၀.၂၀၂၃)ရက်နေ့တွင် လှေလှော်အသင်းတို့ ဆက်လက် ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ▶▶






# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟန်ကျိုးမြို့ရှိ Xiaoshan လေဆိပ်သို့ရောက်ရှိ












● ဟန်ကျိုး၊ စက်တင်ဘာလ(၂၃)ရက်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ်တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏နှင့်အတူ အုပ်ချုပ်မှုအဖွဲ့ (၆)ဦး၊ ဝူရှူးအားကစားနည်းမှ ဒုတိယဥက္ကဋ္ဌနှင့် နည်းပြ(၁)ဦး၊ အမျိုးသား အားကစားသမား(၁)ဦး၊ အမျိုးသမီးအားကစားသမား(၃)ဦး၊ တိုက်ကွမ်ဒို အားကစားနည်းမှ အုပ်ချုပ်/နည်းပြ(၁)ဦးနှင့် အမျိုးသမီး အားကစားသမား(၁)ဦး တို့သည် ယမန်နေ့ ဒေသစံတော်ချိန် ည(၁၀)နာရီအချိန်၌လေယာဉ်အမှတ် CZ -3819ဖြင့်တရုတ်နိုင်ငံ၊ဟန်ကျိုးမြို့ရှိ Xiaoshan လေဆိပ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ တွဲဖက်အတွင်းရေးမှူး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် တာဝန်ရှိသူများမှ လာရောက်ကြိုဆိုခဲ့သည်။














# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




● ဟန်ကျိုး၊ စက်တင်ဘာလ(၂၄)ရက်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ဒေသစံတော်ချိန် (၈)နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဟန်ကျိုးမြို့ရှိ အိုလံပစ်အားကစားကွင်း (Hangzhou Olympic Center) ၌ ကျင်းပသည်။



အခမ်းအနားတွင် (၁၉)ကြိမ်မြောက် တရုတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် အာရှအိုလံပစ်ကော်မတီယာယီဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းပြောကြားခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။


ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမှတ်တရနေရာများ၊ ရိုးရာအကအလှများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သရုပ်ဖော်ပြသခဲ့သည်။ အာရှအားကစားပြိုင်ပွဲ အလံလွှင့်တင်ပြီး အားကစားသစ္စာအဓိဋ္ဌာန်နှင့် ဒိုင်လူကြီးသစ္စာ အဓိဋ္ဌာန်တို့ကို ရွတ်ဆိုခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင်အားကစားသမားများက အာရှအားကစားပြိုင်ပွဲ မီးရှူးတိုင်ကို ကွင်းအတွင်းသို့လက်ဆင့်ကမ်း သယ်ဆောင်ကာ မီးထွန်းညှိပေးခဲ့ကြသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် တာဝန်ရှိသူများ၊မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ၊အုပ်ချုပ်/နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။


# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူး၊ ဘောလုံးအားကစားပြိုင်ပွဲများ သွားရောက်ကြည့်ရှုအားပေး










● ဟန်ကျိုး၊ စက်တင်ဘာလ(၂၄)ရက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများသည် ယနေ့နံနက် ဒေသစံတော်ချိန်(၁၀)နာရီတွင် ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မမြတ်နိုးအိမ်က ထိုက်ချီချွမ်နှင့်ထိုက်ချီကျန့်အားကစားနည်းများဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အားကစားရွာရှိ နိုင်ငံတကာ အားကစားသမားများ နေထိုင်ရန်စီစဉ်ထားသည့်အဆောက်အဦများ၊ မြန်မာအားကစားသမားများနေထိုင်သည့် နေရာနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးခန်းတွင် ပြင်ဆင်ဖွဲ့စည်းထားသော အခန်းများအားလိုက်လံကြည့်ရှုပြီး အုပ်စုပြိုင်ပွဲများတွင် (၂)ပွဲ အနိုင်ရရှိထားသော E-Sports အားကစားသမားများအား အားပေးအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟန်ကျိုးမြို့ Xiaoshan Guali Sports Center ၌ အမျိုးသား U-24 အုပ်စုပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

(၂၅ ·၉ · ၂၀၂၃)ရက်နေ့တွင် မြန်မာအားကစားပွဲများမှ ဝူရှူး(အမျိုးသား)ပြိုင်ပွဲ၊ ဘောလုံး (အမျိုးသမီး) အုပ်စုပြိုင်ပွဲ ပွဲစဉ်(၁၂) မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေး





● ဟန်ကျိုး၊ စက်တင်ဘာလ(၂၆)ရက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများသည် ယနေ့နံနက် ဒေသစံတော်ချိန် (၁၀) နာရီတွင် ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဝူရှူးအားကစားနည်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မအေးသစ္စာမြင့်က နန်းချွမ်(ခေါ်) တောင်ပိုင်း လက်သိုင်းပြိုင်ပွဲနှင့် နန်းသောင်း(ခေါ်) တောင်ပိုင်းဓားသိုင်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီး နန်းချွမ်+နန်းတောင်းပြိုင်ပွဲ နှစ်ခုပေါင်းတွင် အားကစားသမားစုစုပေါင်း (၁၀)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အေးသစ္စာမြင့်သည် နန်းချွမ်းပြိုင်ပွဲတွင် (၉.၆၈၃) မှတ်၊ နန်းတောင်းပြိုင်ပွဲတွင်(၉.၅၇၃)မှတ်ဖြင့်စုစုပေါင်း (၁၉ . ၂၅၆)မှတ်ရရှိကာ အဆင့်(၆) နေရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် လင်အန်းမြို့ရှိ Lin’an Sports Culture & Exhibition အားကစားရုံတွင် ကျင်းပလျက်ရှိသော တိုက်ကွမ်ဒိုအားကစားနည်း(အတိုက်)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်၌ မြန်မာနိုင်ငံမှ မမိုးမြင့်မြတ်က(-53 kg)တန်းတွင် ထိုင်းနိုင်ငံကို ပထမအချီတွင် (၀း၁၂)မှတ်ဖြင့် လည်းကောင်း၊ဒုတိယအချီတွင်(၂း၁၃)မှတ်ဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေး





● ဟန်ကျိုး၊ စက်တင်ဘာလ(၂၇)ရက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊မြန်မာနိုင်ငံ ဝူးရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများသည် ယနေ့နံနက် ဒေသစံတော်ချိန်(၁၀)နာရီ





အချိန်က ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဝူရှူးအားကစားနည်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စန္ဒီဦးက ကျန်စု(ခေါ်) နှစ်ဖက်သွားဓားနှင့် ချန်းစု(ခေါ်) လှံရှည်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်းတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်(၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ နိုင်ငံအလိုက် မြတ်နိုးအိမ်က အဆင့်(၁၁)၊ စွမ်းရည်ထက်နိုင်က အဆင့်(၁၇)၊ အေးသစ္စာမြင့်က အဆင့်(၆)နှင့် စန္ဒီဦးတို့က အဆင့်(၉)ဖြင့် အသီးသီးရရှိခဲ့ကြသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဘောလုံး(အမျိုးသား)ပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေး





● ဟန်ကျိုး၊ စက်တင်ဘာလ(၂၈)ရက်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကိုမြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများသည် ယနေ့ညနေ ဒေသစံတော်ချိန်(၇)နာရီခွဲတွင် ဟန်ကျိုးမြို့ရှိ Xiaoshan Sports Center Stadium ၌ ကျင်းပလျက်ရှိသည့် အမျိုးသားU-24 ဘောလုံးပြိုင်ပွဲ (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

(၂၈-၉-၂၀၂၃)ရက်နေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား U-24 ဘောလုံးပြိုင်ပွဲ (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ဂျပန်အသင်းက မြန်မာအသင်းကို (၇)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ Wenzhou Sports Center Stadium ၌ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းက မြန်မာ့လက်ရွေးစင်အသင်းကို (၃)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့နောက် ဒေသစံတော်ချိန် နေ့လယ်(၂)နာရီတွင် ဟန်ကျိုးမြို့ E-Sports Center ၌ ကျင်းပပြုလုပ်သည့် E-Sports အားကစားနည်း PUBG ပြိုင်ပွဲတွင် မြန်မာအသင်းက Round-1 နှင့် Round-2 တွင် ပြိုင်ဘက်အသင်းများကို အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ■

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာအားကစားအဖွဲ့ ပြည်လည်ရောက်ရှိကြိုဆို





● ရန်ကုန်၊ စက်တင်ဘာလ(၂၉)ရက်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာအားကစားအဖွဲ့သည် ယနေ့ နေ့လယ်(၁၅း၁၀)



နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အမှတ် MU-2031 ဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Feng၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြပါသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် ဖိတ်ကြားခံပုဂ္ဂိုလ်(၁)ဦး၊ အုပ်ချုပ်မှုအဖွဲ့(၃)ဦး၊ မြန်မာနိုင်ငံဂေါ့ဖ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာဂေါ့ဖ်အားကစားအဖွဲ့(၅)ဦးတို့ ပြန်လည်လိုက်ပါလာကြောင်း သိရှိရသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ











● မုံရွာ၊ စက်တင်ဘာလ(၁)ရက်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖိုလ်လုပွဲစဉ်အဖြစ် ဝက်လက်မြို့နယ်အသင်းနှင့် စစ်ကိုင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကာ ဝက်လက်မြို့နယ်အသင်းမှ စစ်ကိုင်းမြို့နယ်အသင်းအား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော အမျိုးသား/အမျိုးသမီး အားကစားသမားများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်ကျော်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဉာဏ်မြင့်ကျော်တို့က ပူးတွဲ တတိယဆုရရှိသော ဝန်းသိုမြို့နယ်၊ စစ်ကိုင်းမြို့နယ်အမျိုးသမီး ဘော်လီဘောအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးနှင့် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းတို့က ပူးတွဲ တတိယဆုရရှိသော ကနီမြို့နယ်၊ ခန္တီးမြို့နယ် အမျိုးသားဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒုတိယဆုရရှိသော အင်းတော်မြို့နယ် အမျိုးသမီး ဘော်လီဘောအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက ဒုတိယဆုရရှိသော စစ်ကိုင်းမြို့နယ် အမျိုးသားဘော်လီဘောအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆုရရှိကြသော ချောင်းဦးမြို့နယ် အမျိုးသမီးဘော်လီဘောအသင်းနှင့် ဝက်လက်မြို့နယ် အမျိုးသားဘော်လီဘောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများအား ပေးအပ်ချီးမြှင့်ကာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

■

# ရှမ်းပြည်နယ် လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ











● တောင်ကြီး၊ စက်တင်ဘာလ(၄)ရက်။

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃) ကို ယနေ့နံနက်(၉)နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်းရှိ လူငယ်များ ကာယ၊ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံစေရန် ကော်မတီဝင်ဌာနများအလိုက်လူငယ်ကဏ္ဍ(၁၆)ရပ်ပါလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ လူငယ်ကဏ္ဍ(၁၆)ရပ်ကို ပြည်နယ်အဆင့်များသာမက ခရိုင်၊ မြို့နယ်အဆင့်အထိပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင် လူငယ်ရေးရာကော်မတီနှင့် မြို့နယ် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခု၊ ဒေသ(၁)ခုနှင့် ခရိုင်အဆင့်(၉)ခရိုင်၊ မြို့နယ်အဆင့်(၃၁)မြို့နယ်သာဖွဲ့စည်းနိုင်မှုကို တွေ့ရသည့်အတွက် ကျန်ရှိနေသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်/မြို့နယ်များ အနေဖြင့် အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သေးသည်ဟု ပြောကြားလိုပါကြောင်း၊ လူငယ်ရေးရာ မူဝါဒပါ လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ -၂၀၂၄)တွင်ပါရှိသည့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆)ခုနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီများအနေဖြင့် ဦးစားပေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်(၅၈)ခု၊ ဆောင်ရွက်ချက်(၁၂၁)ခုအနက် လက်ငင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ကော်မတီအဖွဲ့ဝင်အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း ယခုအစည်းအဝေးမှာ အကြံပြုဆွေးနွေးတင်ပြကြရန်နှင့် အစည်းအဝေးမှ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ပေးပို့သွားရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းထားရှိမှု၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု လုပ်ငန်းများအား ရှင်းလင်းတင်ပြကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များမှ အထွေထွေဆွေးနွေး၍ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

၎င်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အလှူငွေ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်မှ လက်ခံရယူကြောင်း သိရသည်။

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကျင်းပ













● တောင်ကြီး၊ စက်တင်ဘာလ(၅)ရက်။

ပညာရေးဝန်ကြီးဌာန၊ တောင်ကြီးတက္ကသိုလ်၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ(၁)နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လူငယ်ဖွံ့ဖြိုးရေးတို့ကိုစဉ်ဆက်မပြတ် ပြုလုပ်သွားရန် လိုအပ်ပါကြောင်း၊ လူငယ်များကို အနာဂတ်မှာ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးနှင့် လူတစ်လုံးသူတစ်လုံး ဖြစ်လာစေရေးတို့မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသည့် ဗလ ငါးတန်ဖွံ့ဖြိုးရေးကို ခေတ်အဆက်ဆက်တွင် အစိုးရအသီးသီးတို့က မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံသားတို့သည်နိုင်ငံကို ဖန်တီးတည်ဆောက်သူများ ဖြစ်ကြသည့်အတွက် ဖန်တီးတည်ဆောက်မှုတည်ပြီး နိုင်ငံအရည်အသွေး မြင့်မားလာမည်ဖြစ်ကြောင်း၊နိုင်ငံကောင်းရန်အတွက် နိုင်ငံသားများ ကောင်းဖို့လိုအပ်မှုဖြစ်သည့်အတွက် အရေးကြီးဆုံးမှာ အသိဉာဏ်အမြော်အမြင်ပြည့်စုံရန်ဖြစ်ပါကြောင်း၊ အသိပညာဗဟုသုတပြည့်စုံပြီး ကောင်းကျိုးဆိုးပြစ်တို့ကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်များ မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင် လူငယ်မောင်မယ်များကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တိုင်းပြည်၏ အနာဂတ်အတွက် လူငယ်များ၏ အရေးပါမှုကိုရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ရွှေက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

ထို့နောက် စကားဝိုင်းတွင်ပါဝင်ဆွေးနွေးမည့်သူများ နေရာယူကြပြီး မိတ်ဆက်ကြရာ မဖူးသစ်ချို၊ ရက္ခဗေဒအထူးပြု၊ ဒုတိယနှစ်မှလူငယ်နှင့်

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ






● မန္တလေး၊ စက်တင်ဘာလ(၅)ရက်။

၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ရိုးရာခြင်းလုံးပြိုင်ပွဲကို (၁ ·၉ · ၂၀၂၃)ရက်နေ့မှ(၅ ·၉ · ၂၀၂၃)ရက်နေ့အထိ ချမ်းအေးသာစံမြို့နယ် ဗထူး မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို (၁ ·၉ · ၂၀၂၃)ရက်နေ့ နံနက်(၈း၀၀)နာရီအချိန် ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ရိုးရာခြင်းလုံး ဆပ်ကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အားကစားအသင်း(၁၉)သင်းမှ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားများနှင့် ပရိသတ်အင်အား ၅၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဖွင့်မိန့်ခွန်းပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခြင်း၊ အားကစား အသင်းများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပြိုင်ပွဲကျင်းပပြုလုပ်နေမှုအား ကြည့်ရှုအားပေးခဲ့ပါသည်။



ဆက်လက်ပြီး ပြိုင်ပွဲများအားကျင်းပခဲ့ရာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၁၀း၃၀)နာရီအချိန် ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပထမဆုရရှိသော(အမျိုးသား/အမျိုးသမီး)အသင်းများအား ပထမတံခွန်စိုက်ဆုဖလားများကို လည်းကောင်း၊ အမျိုးသားတက်သစ် အကောင်းဆုံး

စာမျက်နှာ(၂၆)သို့ ▶






▶▶

ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မယမင်းရွှေစင်၊ ဥပဒေပညာအထူးပြု ဒုတိယနှစ်မှ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခွန်ဝေယံထွန်း၊အင်္ဂလိပ်စာအထူးပြု ဒုတိယနှစ်၊ လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊မခင်နှင်းဝေ၊ ပထဝီဝင်အထူးပြု တတိယနှစ် လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ မထက်ထက်ကျော်၊ ဥပဒေပညာအထူးပြု ဒုတိယနှစ်၊ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မယွန်းရတီမျိုးကျော်၊ ဘူမိဗေဒအထူးပြု ဒုတိယနှစ်လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ မတွယ်တာလင်းထွန်း၊ အင်္ဂလိပ်စာအထူးပြု ဒုတိယနှစ် လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

၎င်းနောက် စကားဝိုင်းဆွေးနွေးခြင်းနှင့် မေးခွန်းများကို မအေးမိုးငြိမ်း၊ သတ္တဗေဒ အထူးပြု၊ ဒုတိယနှစ် မခင်မိုးမြင့်၊ ဓာတုဗေဒ အထူးပြု၊ ပထမနှစ် ဂုဏ်ထူးတန်း၊ မောင်ခိုင်နေထက်၊ ဘူမိဗေဒအထူးပြု၊ ပထမနှစ် ဂုဏ်ထူးတန်း၊ မောင်ဇော်ဝဏ္ဏထွန်း ပထဝီဝင်အထူးပြု၊ ပထမနှစ်၊ မောင်ဝဏ္ဏထွန်း၊ ရုက္ခဗေဒအထူးပြု၊ ဒုတိယနှစ်၊ နန်းမိုးသဲ၊ သတ္တဗေဒအထူးပြု၊ ဒုတိယနှစ်၊ မသင်းမြတ်နွယ်၊ ဒဿနိကဗေဒအထူးပြုတို့မှ ဆွေးနွေးသွားသည့် ခေါင်းစဉ်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသွားကြသူများအား လက်ဆောင်ပစ္စည်းပေးအပ်၍ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေတို့ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇင်မင်းထက်က တောင်ကြီးတက္ကသိုလ်သို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီသင်မှလက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ









● မွန်၊ စက်တင်ဘာလ(၅)ရက်။

၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ်အသင်းနှင့် ကျိုက်မရောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် အကောင်းဆုံး အားကစားထူးချွန်ဆုရရှိသူအား ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်ကလည်းကောင်း၊ အသင်းလိုက် ပူးတွဲတတိယဆုရ ချောင်းဆုံမြို့နယ်အသင်းနှင့် ပေါင်မြို့နယ် အသင်းတို့အား စီးပွားရေးရာဝန်ကြီး နိုင်လယိတမနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်တို့က လည်းကောင်း၊ ဒုတိယဆုရ ကျိုက်မရောမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးကလည်းကောင်း၊ ပထမဆုရ မော်လမြိုင်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။

■









▶ စာမျက်နှာ(၂၅)···မှအဆက်

ဆုနှင့် အကောင်းဆုံး အားကစားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများမှ ဆုရအားကစားအသင်းများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က IESF World Championship 2023 ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် Team Myanmar Dota 2 အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို









● ရန်ကုန်၊ စက်တင်ဘာလ(၇)ရက်။

မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar သည် ရိုမေးနီးယားနိုင်ငံ၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်နေ့အထိ နိုင်ငံပေါင်း ၁၁၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် International Esports Federation(IESF) World Championship 2023 ပြိုင်ပွဲတွင် အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ပြီး ဒုတိယဆုရရှိခဲ့သည်။

အဆိုပါ မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar အသင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့နံနက် ၁၀ နာရီခွဲက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

■

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ





● တောင်ကြီး၊ စက်တင်ဘာလ(၇)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ(၂)နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲတွင် ဒေသခံ အဆိုတော်များ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ကျောင်းသူများမှ ဗမာတိုင်းရင်းသားအကဖြင့် ဖျော်ဖြေ၍ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများမှ တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေကြပြီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ သူနာပြု သင်တန်းကျောင်းမှ ဆရာမများ၊ ပညာရေးကောလိပ်မှ ကျောင်းသား/ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ ကျောင်းသား/



စာမျက်နှာ(၂၈)သို့













စာမျက်နှာ(၂၇)···မှအဆက်

ကျောင်းသူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထို့နောက် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ရာ အကောင်းဆုံး ဂိုးသမားဆုရ ရန်ကုန်တိုင်းအသင်း အားကစားသမားကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ အကောင်းဆုံးနောက်တန်းဆုရ ကရင်ပြည်နယ်အသင်း၊ အလယ်တန်းအကောင်းဆုံးဆုရ ရှမ်းပြည်နယ်အသင်း၊ ရှေ့တန်းအကောင်းဆုံးဆုရ ကရင်ပြည်နယ်အသင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ ရှမ်းပြည်နယ်အသင်းတို့မှ ဆုရရှိသူများကို ပအိုဝ်း




ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ် လူမှုရေးရာဝန်ကြီးတို့က ဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ စတုတ္ထဆုရရှိသော ရေဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ် စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ တတိယဆုရရှိသော ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ် အသင်းအားတစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း၊ ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လည်းကောင်း အသီးသီးချီးမြှင့်ပေးပြီး ဒိုင်အဖွဲ့များ၊ ကပြဖျော်ဖြေပေးကြသော ပညာရေး ဒီဂရီကောလိပ်အဖွဲ့၊ နည်းပညာတက္ကသိုလ်(တောင်ကြီး) အဖွဲ့၊ ဒေသခံအဆိုအဖွဲ့နှင့်ကြက်ခြေနီအဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပထမမှ စတုတ္ထဆုရရှိသော အသင်းအား တစ်သင်းလျှင် ငွေကျပ် (၅)သိန်းစီ ရှမ်းရှေ့တန်းဆောင်ကိုယ်ပိုင်ကျောင်းမှ ထပ်ဆောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။







# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောသရုပ်ပြပွဲနှင့် အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



















● ရန်ကုန်၊ စက်တင်ဘာလ(၇)ရက်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အသိပညာပေး ဟောပြောသရုပ်ပြပွဲနှင့် အားကစားပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ အပန်းဖြေခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ



ကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းကအဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကားပြောကြားပြီးနောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းမှ ဘောလုံးလက်ရွေးစင်ဟောင်း ဦးတင်အောင်(ဂိုး)က အားကစားနှင့်လူငယ်

စာမျက်နှာ(၃၀)သို့

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ကျင်းပ









● မန္တလေး၊ စက်တင်ဘာလ(၈)ရက်။

၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို (၈.၉.၂၀၂၃) ရက်နေ့မှ (၁၃.၉.၂၀၂၃) ရက်နေ့အထိ ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၁၀း၀၀)နာရီချိန် ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစား ဆပ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အားကစားအသင်း(၂၀)သင်းမှ အုပ်ချုပ်သူ/ နည်းပြ၊ အားကစားသမားများနှင့် ပရိသတ်အင်အား(၅၈၀)ဦးခန့် တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အဖွင့်မိန့်ခွန်းပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး အားကစားအသင်းများအား လိုက်လံနှုတ်ဆက်၍အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီးနောက် ပြိုင်ပွဲအားကြည့်ရှုအားပေးခဲ့ပါသည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို(၁၃.၉.၂၀၂၃)ရက်နေ့ နံနက်(၁၀း၀၀)နာရီချိန် ဗထူးမိုးလုံလေလုံ အား

⋙





▶ စာမျက်နှာ(၂၉)...မှအဆက်

ဘဝမြှင့်တင် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြရာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က လက်ခံရယူခဲ့ကြပြီး ပါမောက္ခချုပ်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာ့သိုင်း အားကစားအဖွဲ့၊ ကရာတေးဒိုအားကစားအဖွဲ့နှင့် အေရီးဗစ်အားကစားအဖွဲ့တို့မှ အားကစား သရုပ်ပြသခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တို့မှ သရုပ်ပြ အားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

■

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောသရုပ်ပြပွဲနှင့် အားကစားပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ











● ရန်ကုန်၊ စက်တင်ဘာလ(၈)ရက်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော သရုပ်ပြပွဲနှင့် အားကစားပစ္စည်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို(၈.၉.၂၀၂၃)ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ ISH အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကား ပြောကြားပြီးနောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းမှ ဘော်လီဘောလက်ရွေးစင်ဟောင်း ဦးစိုးသိန်းက အားကစားနှင့် လူငယ်ဘဝမြှင့်တင် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီက ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

စာမျက်နှာ(၃၂)သို့ ▶





▶▶

ကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပထမဆုရရှိသော (အမျိုးသား/အမျိုးသမီး) အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ပထမတံခွန်စိုက်ဆုဖလားများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ် စိန်လွင်တို့မှ အမျိုးသား/အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများမှ အမျိုးသား/အမျိုးသမီး ဒုတိယဆုနှင့်ပူးတွဲတတိယဆုရ အားကစားအသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒုတိယဆုရ ကရင်ပြည်နယ်ကိုယ်စားပြု အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ







● ကရင်၊ စက်တင်ဘာလ(၁၁)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒုတိယဆုရ ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်း ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် ဖွဲ့ကပင် (လှာကမြင်)အားကစားကွင်း၌ ပြုလုပ်ခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးက ဂုဏ်ပြုအမှာစကား ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က ဒုတိယဆုရ ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံး အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း(၂၀)၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါ်နန်းဘောဘီမြင့်က အကောင်းဆုံး

▶▶











▶ စာမျက်နှာ(၃၁). . .မှအဆက်

ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီနှင့် ဒေါက်တာချောချောစိန်တို့က လက်ခံရယူခဲ့ကြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာ့သိုင်းအားကစားအဖွဲ့၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် အေရိုးဗစ်အားကစားအဖွဲ့တို့မှ အားကစား သရုပ်ပြသခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချောချောစိန်တို့မှ သရုပ်ပြအားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ကေရီဆောင် ကျောင်းသူလေးများက အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ ■

# ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီရုံး ဖွင့်ပွဲအခမ်းအနားကျင်းပ









● ကရင်၊ စက်တင်ဘာလ(၁၁)ရက်။

ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် (၈း၀၀)နာရီအချိန် ဘားအံမြို့ လှာကမြင်ကွက်သစ်၊ ဇွဲကပင်(လှာကမြင်) အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီရုံးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ် ဝန်ကြီးချုပ်က လူငယ်ရေးရာကော်မတီရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဘင်ခရာ၊ပန်းပွားနှင့်ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ■








►►

အားကစားသမားဆုရရှိသူ နှစ်ဦးအား ငွေကျပ် (၁)သိန်းစီ၊ ပြည်နယ်ဘောလုံးအားကစား ဆပ်ကော်မတီမှ ငွေကျပ်(၅)သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြပြီး အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်း အုပ်ချုပ်သူက ပြိုင်ပွဲ အတွေ့အကြုံများအားရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများသည် ဒုတိယဆုရ ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးအသင်းနှင့် အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြပြီး အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

# ၂၀၂၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(၄)ပေါက်တန်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ








● မကွေး၊ စက်တင်ဘာလ(၁၁)ရက်။

၂၀၂၃ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(၄)ပေါက်တန်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ(၆)ရက်နေ့ နံနက်(၈)နာရီအချိန်က မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမဥ္စကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအဖွဲ့ဝင်များ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။




ဖွင့်ပွဲခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားနည်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ကျော်ကတည်းက စတင်ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အားကစား စစ်စစ်ဖြစ်ပြီး ယခုကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာခြင်း အားကစားနည်းမှ မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် ကစားသမား(၂)ဦးက ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ် (၂)ခုနှင့် ကြေးတံဆိပ်(၂)ခု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက်လည်း မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဂုဏ်ပြုပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးပြီးဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် ရိုးရာခြင်းခတ်အားကစား မတိမ်ကော မပပျောက်စေရေး၊ ထူးချွန်ထက်မြက်သော နိုင်ငံကိုယ်စားပြု ခြင်းခတ်အားကစားသမားကောင်းများနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ယခုလို မြို့နယ်ပေါင်းစုံ အမျိုးသား(၄)ပေါက်တန်း ရိုးရာခြင်းလုံးပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးရခြင်းပဲဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ (၈)ရက်နေ့ ညနေ(၅)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား(၄)ပေါက်တန်းမြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆုကို ရေနံချောင်းမြို့နယ်မှ မောင်ရဝေအောင်နှင့်

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ

















● ပဲခူး၊ စက်တင်ဘာလ(၁၁)ရက်။

ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်း ကျင်းပပြုလုပ်သည်။




ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံ၏ အနာဂတ်ကို ဆက်လက်တာဝန်ယူသွားမည့် လူငယ်များအနေဖြင့် ဗလ ငါးတန်ဖွံ့ဖြိုးစေရေး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး လူငယ်များကလည်း အသိပညာဗဟုသုတ ပြည့်စုံစေရန်၊ အမှား/အမှန် ကောင်းကျိုးဆိုးပြစ်များကို ဝေဖန်ပိုင်းခြားနိုင်ရန်နှင့် နောင်တစ်ချိန် နိုင်ငံ့တာဝန်များကို ထမ်းဆောင်သည့်အခါ ရဲရင့်ယုံကြည်စွာဖြင့် အများအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော တိုင်းပြည်က အားထားရသော သားကောင်း သမီးမွန်များဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ၎င်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တိုင်းပြည်အနာဂတ်အတွက် လူငယ်များ၏ အရေးပါမှုအခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ကျောင်းသား/သူလေးများက တစ်ဦးချင်း မိတ်ဆက်

စာမျက်နှာ(၃၉)သို့

---

▶▶

အကောင်းဆုံး တက်သစ်စဆုကို မကွေးမြို့နယ်မှ မောင်ဇွဲထက်ခိုင်တို့က ရရှိခဲ့ပြီး၊ အမျိုးသား(၄)ပေါက်တန်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပထမဆုရ မကွေးမြို့နယ်အသင်း၊ ဒုတိယဆုရ ရေနံချောင်းမြို့နယ်အသင်းနှင့် တတိယဆုရ မင်းဘူးမြို့နယ်အသင်းတို့မှ ဆုရအားကစားသမားများ၊ အသင်းများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုကလပ်တို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ယခင်လမှအဆက်)

### လူငယ်လေ့လာရေးခရီးစဉ်

လူငယ်ရေးရာ ဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပတ်ဝန်းကျင်ဒေသန္တရ ဗဟုသုတများ တိုးပွားလာစေရန်၊ လူငယ်အချင်းချင်း အတွေ့အကြုံ ဗဟုသုတများ ဖလှယ်နိုင်စေရန်နှင့် လူငယ်အချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်ရည်ရွယ်၍ လူငယ်လေ့လာရေးခရီးစဉ်များ အသင်းအလိုက် လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) လူငယ်ဖွံ့ဖြိုးရေးဂေဟာမှ လူငယ်များအားလည်းကောင်း၊ အဝါရောင် မျိုးဆက်သစ်ပရဟိတအသင်း (YGW) လူငယ်ဖွံ့ဖြိုးရေးကျောင်းမှ လူငယ်များအား လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူ လူငယ်များအား ဖိတ်ကြား၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်း၊ စုပေါင်းဂိမ်းကစားခြင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံတို့ကို လေ့လာခြင်း၊ အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးခြင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ရေကူးအားကစား သရုပ်ပြမှုအား ကြည့်ရှုလေ့လာခြင်း၊ မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း)ကို လေ့လာခြင်း၊ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများသို့ သွားရောက်လေ့လာအားပေးခြင်း စသည့် လူငယ်လေ့လာရေးခရီးစဉ် လေးကြိမ်တိတိကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။



နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး တည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဖြင့်သာ အဓိကတည်ဆောက်ရမည်ဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင် လူငယ်လူရွယ်များဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လွန်စွာအရေးကြီးလှပါသည်။ အနာဂတ်မျှော်မှန်းချက် အလားအလာများနှင့် ပြည့်ဝနေသော လူငယ်များ၏ အရည်အသွေးနှင့် စိတ်ဓာတ်ကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်မည့် ပညာရေးရပ်ဝန်းဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

### စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်

၂၀၁၄ ခုနှစ်၊ ကြားဖြတ်သန်းခေါင်စာရင်း အစီရင်ခံစာအရ အသက်(၁၅)နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းမှာ ၆၃ရာခိုင်နှုန်းဖြစ်ပြီး အလုပ်လက်မဲ့နှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပါသည်။ တစ်ဖန် အသက်(၁၅)နှစ်အထက် လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူဦးရေစုစုပေါင်း ၂၂ ဒသမ ၉ သန်းရှိသည့်အနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့်ပညာတတ်မြောက်ကြောင်း သိရှိရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပညာရေးတန်းစဉ်ကူးပြောင်းမှု နည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းများရှာဖွေခြင်း၊ ကျောင်းတက်သူဦးရေ တိုးတက်လာစေမည့် နည်းလမ်းများ ရှာဖွေခြင်း၊ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဆောင်ရွက်နိုင်ရေးနှင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုစေမည့် အသက်မွေးဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ KG+ 10၊ 11၊ 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များကို ခရိုင် ၅၀ ရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းဖွင့်လှစ်ကာ သင်ကြားပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများကလည်း ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် လူငယ်များ သမ္မာအာဇီဝကျကျ လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်း၊ တန်ဖိုးမြင့် စားသောက်ကုန်သင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်း၊

မောင်လူအေး(ရေစကြို)



တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်း၊ ပိုက်ပြင်/ပိုက်ဆက်သင်တန်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း အခြေခံသင်တန်း၊ Fancy လက်မှုထည် ထုတ်လုပ်နည်းသင်တန်း၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံဓာတ်ပုံပညာသင်တန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အလုပ်အကိုင် ရရှိရေးအတွက် သက်မွေးသင်တန်းများ စုစုပေါင်း(၁၈)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၆၃၃ ဦး တက်ရောက်နိုင်ခဲ့ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာ ဆက်လက်မသင်ယူနိုင်သော အထူးအလေးပေးရမည့် လူငယ်များအုပ်စုတွင်ပါဝင်သည့် လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်စရိတ်ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting On Youth-AMMY) နှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting On Youth-SOMY)၏တာဝန်ဝတ္တရားများနှင့် အာဆီယံလူငယ်ရေးရာလုပ်ငန်းစဉ်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃ခုနှစ် ဇွန်လ ၂၁ရက်နေ့တွင် Virtual စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပခဲ့သည့်(၁၂)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (AMMY XII)နှင့် (၈)ကြိမ်မြောက် အာဆီယံ+၃ လူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (8th AMMY+3)တို့တွင် လက်ရှိဥက္ကဋ္ဌ မလေးရှားနိုင်ငံ လူငယ်နှင့်အားကစားဝန်ကြီးက ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်များကို မြန်မာနိုင်ငံအား တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ရာ မြန်မာနိုင်ငံ အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးအဖွဲ့ခေါင်းဆောင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ (ASEAN Work Plan on Youth 2021- 2025) တွင်ပါဝင်သည့် လူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည့် ရည်မှန်းချက်များနှင့်အညီ အာဆီယံဒေသအဆင့် ဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများ၊ ပြိုင်ပွဲအစီအစဉ်များတွင် မြန်မာလူငယ်များ ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၂ခုနှစ် မတ်လမှ ၂၀၂၃ခုနှစ် ဇွန်လအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ+၃ နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ဦးဆောင်ကျင်းပခဲ့သည့် အစည်းအဝေး ခြောက်ကြိမ်၊ သင်တန်းတစ်ကြိမ်၊ ပြိုင်ပွဲ ၁၀ ကြိမ် ဆွေးနွေးပွဲ ၁၉ ကြိမ်တို့တွင် မြန်မာလူငယ်ကိုယ်စားလှယ် စုစုပေါင်း ၈၇ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ပါသည်။

## အဘက်ဘက်မှ မြေတောင်မြှောက်ပြုစုပျိုးထောင်

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနအနေဖြင့် "လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူကာ ဆက်စပ်ဌာန/အဖွဲ့အစည်းများ၏

စာမျက်နှာ(၃၈)သို့



စာမျက်နှာ(၃၇)ဆောင်းပါး ◦ ◦ ◦ မှအဆက်

ပံ့ပိုးကူညီမှုဖြင့် လူငယ်များ၏ နယ်ပယ်စုံ၊ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မျိုးဆက်သစ်လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို လျစ်လျူရှု ချန်လုပ်ထားခြင်း မရှိဘဲ အပြည့်အဝ ပူးပေါင်းပါဝင်နိုင်ရေး အဘက်ဘက်မှ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးလျက်ရှိသကဲ့သို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှု အစီအမံများနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကမ္ဘာ့နိုင်ငံအများစုက လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိရာ လက်ရှိမြန်မာနိုင်ငံ အခြေအနေ၏ လူငယ်ထု၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားနေသည့် အားသာချက်ကို ကောင်းစွာအသုံးပြု၍ လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်သွားရမည်ဖြစ်ပါသည်။




လူငယ်ကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းသည် လတ်တလော အကျိုးသက်ရောက်မှုအတွက် မဟုတ်ဘဲ နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် ရည်ရွယ်၍ အစိုးရတိုင်းက မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားတစ်ရပ်ဖြစ်ကြောင်း သတိပြုရမည်ဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသောအင်အားစုဖြစ်သည့် လူငယ်များ၏ အရည်အသွေး စွမ်းပကားအား စနစ်တကျ အကျိုးရှိစွာ ကိုင်တွယ်အသုံးပြု၍ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အနာဂတ်တွင် မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် စည်းလုံးညီညွတ်၍ သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင် အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သော၊ ကျန်းမာကြံ့ခိုင်သော၊ တွေးခေါ်နိုင်စွမ်းရှိသော၊ အကျင့်စာရိတ္တ ကောင်းမွန်သော၊ နိုင်ငံကြီးသားပီသသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အတ္တနှင့်ပရမျှတသော၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ နိုင်ငံ၏ အနာဂတ်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

# ၂၀၂၃ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် ရှမ်းပြည်နယ်အမျိုးသမီးအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ







● တောင်ကြီး၊ စက်တင်ဘာလ(၁၃)ရက်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သော ရှမ်းပြည်နယ်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို ၁၁.၉.၂၀၂၃ ရက်နေ့ ညနေ (၁၈း၃၀)နာရီအချိန်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊အုပ်ချုပ်သူ/နည်းပြများ၊ အလှူရှင်များနှင့် ပြိုင်ပွဲဝင် ဆုရအားကစားသမားများမှ

▶▶





▶▶ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပ ပြုလုပ်တဲ့ ဂုဏ်ပြုပွဲ အခမ်းအနားကတော့ အင်မတန်မှ ကျက်သရေမင်္ဂလာရှိတဲ့ ပွဲဖြစ်တာနဲ့အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ဂုဏ်ဆောင်ခဲ့သော အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ခုနှစ်၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ပွဲမှာတော့ ရှမ်းပြည်နယ် ဘောလုံးချစ်ပရိသတ်များရဲ့ ရှေ့မှောက်တွင် ပြိုင်ဘက်အသင်းများအား ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ပြီး ပထမတံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်က အားကစားကို အဘက်ဘက်မှ မြှင့်တင်ချီးမြှောက်နေချိန် ဖြစ်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း အားကစားကို အထူးအားပေးဆောင်ရွက်လျက်ရှိတာကို အားလုံးအသိပဲဖြစ်ပါကြောင်း၊ ပြည်နယ်ရဲ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးကြတဲ့ အားကစားသမားအားလုံးရဲ့ စွမ်းဆောင်နိုင်မှုများကို မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ ရှမ်းပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းဟာဆိုရင် ၂၀၁၈ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမ၊ ၂၀၁၉ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမ၊ ယခု အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမ ထပ်မံရရှိခဲ့တာကြောင့် အသက်(၁၉)နှစ်အောက် ပြိုင်ပွဲ(၃)ကြိမ်လုံးမှာ ရှမ်းပြည်နယ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့ပါကြောင်း၊ ဒါ့အပြင် ရှမ်းပြည်နယ်အသင်းကနေပြီး မြန်မာ့လက်ရွေးစင်အများဆုံး မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်းနှင့် ယခုရရှိထားသည့် အောင်မြင်မှုတွင် ရပ်တန့်မနေဘဲ နောင်လာမည့် ပြိုင်ပွဲများမှာလည်း ယခုထက် ပိုမိုအောင်မြင်အောင်စွမ်းဆောင်ပြီး ပြည်နယ်နှင့်နိုင်ငံရဲ့ဂုဏ်ကို အားကစားဖြင့် ဆတက်ထမ်းပိုးတိုး၍ မြှင့်တင်နိုင်ကြစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ရဲ့ အားကစားအဆင့်အတန်း မြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံကနေ အမြဲတမ်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသွားကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ဆက်လက်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း (၁၀၀)နှင့် အလှူရှင်များမှ ဂုဏ်ပြုချီးမြှင့် ငွေကျပ်(၁၅၆) သိန်း ဆုရအားကစားသမားများအတွက် စုစုပေါင်းငွေကျပ်(၂၅၆)သိန်းအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ် အမျိုးသမီးဘောလုံးအသင်း အုပ်ချုပ်သူ ဒေါ်နန်းအဲမာက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။





▶ စာမျက်နှာ(၃၅)⋯မှအဆက်

ခဲ့ပြီး လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်း/ဖြေကြားခဲ့သည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တစ်ဦးချင်းလက်ဆောင်ပစ္စည်း၊ အားကစား ပစ္စည်းများနှင့် ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ခဲ့ရာပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ ၎င်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က တိုင်းဒေသကြီး အတွင်း လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှု လုပ်ငန်းများအား Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ ၎င်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များက ပြန်လည်အကြံပြုတင်ပြခဲ့မှုပေါ် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ ■

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီတို့မှ ပူးပေါင်းကျင်းပသည့် “လူငယ် စကားဝိုင်း”အခမ်းအနားကျင်းပ


















● ကရင်၊ စက်တင်ဘာလ(၂၆)ရက်။

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီတို့မှ ပူးပေါင်းကျင်းပသည့် “လူငယ် စကားဝိုင်း”အခမ်းအနားကို ယနေ့မွန်းလွဲ(၁)နာရီအချိန်တွင် ကရင်ပြည်နယ် ဇွဲကပင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်



ဦးစောမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ကရင်ပြည်နယ်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ကျောင်းသူ/ကျောင်းသားများ တက်ရောက်ခဲ့ပြီး

▶▶

# မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ










● ကရင်၊ စက်တင်ဘာလ(၂၆)ရက်။

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ကရင်ပြည်နယ်လူငယ်ရေးရာ ကော်မတီတို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးပွဲကို ယနေ့နံနက် (၁၀)နာရီတွင် ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်မင်းထက်၊ ကရင်ပြည်




နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီး များ၊ လူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ခဲ့ပြီး လူငယ်ရေးရာ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေး ဆောင်ရွက်ခဲ့ပြီးနောက် အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်မင်းထက်သည် လူငယ်ရေးရာရုံးနှင့် ဇွဲကပင်အား ကစားကွင်းသို့ သွားရောက်ကြည့်ရှု ခဲ့ကြောင်း သိရှိရသည်။

■

---

>> အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်မှ လူငယ်စကားဝိုင်း ဆွေးနွေးခဲ့သူများ၊ ဖျော်ဖြေတင်ဆက်အားကစား သရုပ်ပြသူများအား ဂုဏ်ပြုငွေချီးမြှင့်ပြီး ဒုတိယဝန်ကြီးမှ ပညာရေးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

■






# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသမီး)နှင့် မြို့နယ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ













● မန္တလေး၊ စက်တင်ဘာလ(၂၆)ရက်။

၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသမီး)နှင့် မြို့နယ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကာ ဗိုလ်လုပွဲ၌ ပြင်ဦးလွင်မြို့နယ်အသင်းနှင့် ချမ်းအေးသာစံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသား(၂)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ မြို့နယ်အသင်း၊ အမျိုးသမီး(၃)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ ခရိုင်အသင်း၊ အမျိုးသား(၃)ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ ခရိုင်အသင်းတို့ကို အားကစားသမား တစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား(၂)ယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ အမရပူရမြို့နယ်အသင်း၊ အမျိုးသမီး(၃)ယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းနှင့် အမျိုးသား(၃)ယောက်တွဲ ပြိုင်ပွဲ၌ ပထမဆုရ ပြင်ဦးလွင်မြို့နယ် အသင်းတို့အား ပထမတံခွန်စိုက်ဆုဖလားများနှင့် ငွေသားဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာဟောပြောပွဲ အခမ်းအနားကျင်းပ


















● မွန်၊ စက်တင်ဘာလ(၂၇)ရက်။

မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာဟောပြောပွဲ အခမ်းအနားကို ယနေ့ နေ့လယ်(၁) နာရီအချိန် ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ အဖွင့်မိန့်ခွန်းပြောကြားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်မှ လူငယ်ရေးရာ အသိပညာပေးဟောပြောခဲ့ပါသည်။ ဆက်လက်ပြီး



တက္ကသိုလ် နန်းဖြူဖြူထွန်းမှ လူငယ်နှင့်ဘဝအားမာန် ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ပါသည်။

အစီအစဉ်အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အခြေခံပညာကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ သရုပ်ပြအဖွဲ့အားဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ








● မကွေး၊ စက်တင်ဘာလ(၂၈)ရက်။

၂၀၂၃ ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ(၂၁) ရက်နေ့ နံနက်(၈)နာရီအချိန်က မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသမီးအားကစားအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ အားကစားအောင်နိုင်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ခဲ့ကြကာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်မိန့်ခွန်းပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး အမျိုးသားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ချောက်မြို့နယ် အသင်းနှင့် ကံမမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ပါသည်။



ထို့နောက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ (၂၅)ရက်နေ့ ညနေ(၅)နာရီအချိန်က မကွေးတိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးမြို့နယ်အသင်းနှင့် သရက်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

စာမျက်နှာ(၄၆)သို့ ▶

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ














● မော်လမြိုင်၊ စက်တင်ဘာလ(၂၈)ရက်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ(၂၇)ရက်နေ့ နံနက်ပိုင်းက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ကဏ္ဍ(၁၆)ရပ်ကို ပြည်နယ်အဆင့်သာမက ခရိုင်၊ မြို့နယ်အဆင့်ထိပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင်၊ မြို့နယ် လူငယ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆိုတဲ့ ပညာရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့ရာ ကလေးတွေရဲ့ ဗလငါးတန် ဖွံ့ဖြိုးဖို့ လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်က မွန်ပြည်နယ် လူငယ်ရေးရာကော်မတီဖွဲ့စည်းထားရှိမှု၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လျာထားလုပ်ငန်းစဉ်များ၊ အသုံးစရိတ်လျာထားတင်ပြချက်များ၊ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးအဆင့်မြင့်နှင့် အခြေခံပညာအဆင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက် ဆွေးနွေးပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

■

# တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ









● တနင်္သာရီ၊ စက်တင်ဘာလ(၂၈)ရက်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၉)နာရီအချိန်တွင် ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး ပိုက်ကျော်ခြင်းဆပ်ကော်မတီဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ်

▶▶






▶ စာမျက်နှာ(၄၄)···မှအဆက်

ဆက်လက်၍ မြို့နယ်ပေါင်းစုံ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးရိုက်ခတ်ဆု၊ အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံး နောက်ထိန်း (စပေးဘော)ဆု၊ အကောင်းဆုံး ကစားသမားဆုများနှင့် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသော အားကစားသမားများနှင့် မြို့နယ်အသင်းများအား အမျိုးသမီးအားကစားအဖွဲ့ နာယကကြီးနှင့် အဖွဲ့ဝင်များမှ တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး၊ မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးရိုက်ခတ်ဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး နောက်ထိန်း (စပေးဘော)ဆု၊ အကောင်းဆုံးကစားသမားဆုများနှင့် အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသော အားကစားသမားများနှင့် မြို့နယ်အသင်းများအား အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်များမှတစ်ဦးချင်းဆုတံဆိပ်၊ဆုကလပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရှိရပါသည်။

■

# မြားပစ်အားကစားနည်းမှ ပြိုင်ပွဲပုံစံဆန်းစစ်မှုပြုလုပ်









● နေပြည်တော်၊ စက်တင်ဘာလ(၁၃)ရက်။

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) မှ လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ လူငယ်မျိုးဆက်သစ် မြားပစ်အားကစားသမားများအား ပြိုင်ပွဲပုံစံဆန်းစစ်မှုပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် မြား(၃၆)ချောင်း (၂) ကြိမ်၊ မြား(၇၂) ချောင်း (Ranking Round) ပစ်ခတ်ခဲ့ကြပြီးနောက် ညနေပိုင်းတွင် ရှုံးထွက်ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး (Recurve & Compound) မီတာ(၇၀/၅၀)ကွာ တားဖိုင်နယ်ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြသည်။

(၁၄.၉.၂၀၂၃)ရက်နေ့ နံနက်(၈)နာရီတွင် အမျိုးသား/အမျိုးသမီး (Recurve & Compound) မီတာ (၇၀/၅၀) တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်သည်။

အဆိုပါ မြားပစ်အားကစားနည်း ပြိုင်ပွဲပုံစံ ဆန်းစစ်မှုပြုလုပ်ခြင်းသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြားပစ်အားကစားနည်း ပြိုင်ပွဲပုံစံဆန်းစစ်မှုပြုလုပ်ခြင်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၃)ရက်နေ့နှင့်(၁၄)ရက်နေ့တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စုစုပေါင်း အားကစားသမား(၁၄)ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

---

▶▶

အမျိုးသား(၃)ယောက်တွဲ ပြိုင်ပွဲ၌ မြိတ်မြို့နယ် ပိုက်ကျော်ခြင်းအသင်းနှင့် ဘုတ်ပြင်းမြို့နယ် ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြိတ်မြို့နယ်အသင်းက (၂)ပွဲပြတ်ဖြင့် အနိုင်ရရှိသွားပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်က လည်းကောင်း၊ အမျိုးသား(၂)ယောက်တွဲ ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျွန်းစုမြို့နယ်အသင်းကို လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကလည်းကောင်း၊ အမျိုးသား(၃)ယောက်တွဲပြိုင်ပွဲတွင်ဒုတိယဆုရရှိသည့် ဘုတ်ပြင်းမြို့နယ်အသင်းကို သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်ကလည်းကောင်း၊ အမျိုးသား(၂)ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်အသင်းကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်က လည်းကောင်း၊ အမျိုးသား(၃) ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်အသင်းကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက အမျိုးသား(၂)ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား(၃)ယောက်တွဲပြိုင်ပွဲတွင်ပထမဆုရရှိသည့် မြိတ်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ လာရောက်ကြည့်ရှုစစ်ဆေး





● တောင်ကြီး၊ စက်တင်ဘာလ(၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် ယနေ့နေ့လယ်(၁၃း၀၀) နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ရောက်ရှိပြီး ရေကူးကန်နှင့် ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များမှာကြားခဲ့ပြီးနောက် ပင်မဆောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ရာ ဦးစွာ ကျောင်းအုပ်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အရာထမ်းများနှင့် မိတ်ဆက်ပေးခဲ့ပါသည်။




ထို့နောက် ဒုတိယဝန်ကြီးမှ လမ်းညွှန်အမှာစကား ပြောကြားခဲ့ပြီး အရာထမ်းများမှလည်း လိုအပ်ချက်များတင်ပြခဲ့ရာ ဒုတိယဝန်ကြီးမှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ ဒုတိယကျောင်းအုပ်များ၊ ရှမ်းပြည်နယ် လူငယ်ရေးရာဦးစီးဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းငွေနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)မှ အရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ






● နေပြည်တော်၊ စက်တင်ဘာလ(၁၃)ရက်။

အလေးမ အားကစားနည်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ယနေ့နံနက်(၉)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပခဲ့သည်။




ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲများအား ယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသမီး(၄၉)ကီလိုပြိုင်ပွဲတွင် မနော်အယ်က ညောဂျော့(ရခိုင်)က ပထမ၊ မထက်ထက်ထွေး (စစ်ကိုင်း)က ဒုတိယ၊ မမာမာထွေး (မန္တလေး) က တတိယနှင့် အမျိုးသား(၆၁)ကီလို

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ














● နေပြည်တော်၊ စက်တင်ဘာလ(၁၅)ရက်။

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အလေးမ အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ နံနက်(၉)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ စတုတ္ထနေ့ ပွဲစဉ်များအဖြစ် အမျိုးသား(၈၁)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး(၆၄) ကီလိုပြိုင်ပွဲနှင့် အမျိုးသား (၈၉)ကီလိုပြိုင်ပွဲများအား ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပြီး အမျိုးသား (၈၁)ကီလိုပြိုင်ပွဲတွင် မောင်ခွန်မောင်ခင် (ရှမ်း)က ပထမ၊ မောင်သန်းမျိုးထွန်း (မကွေး)က ဒုတိယ၊ မောင်နေလင်းဦး(ရန်ကုန်)က တတိယဆုများကို လည်းကောင်း၊ အမျိုးသမီး (၆၄) ကီလိုပြိုင်ပွဲတွင် မသူဇာခင်(စစ်ကိုင်း)ကပထမ၊ မအေးစန္ဒာဝင်း (မကွေး)က ဒုတိယနှင့် မရွှေရည်ဖူး(မကွေး)က တတိယဆုများကိုလည်းကောင်း၊ အမျိုးသား (၈၉)ကီလိုပြိုင်ပွဲတွင် မောင်ခိုင်မျိုးဦး (စစ်ကိုင်း)က ပထမ၊ မောင်အောင်ထက်ဟိန်း(မန္တလေး)က ဒုတိယ၊

စာမျက်နှာ(၅၀)သို့ ▶

▶▶

ပြိုင်ပွဲတွင် မောင်မြတ်ကျော်သူ (ရောဝတီ)က ပထမ၊ မောင်ဝေလွင်ဖြိုး (မန္တလေး)က ဒုတိယနှင့်မောင်အောင်နိုင်လင်း(ရန်ကုန်)က တတိယ၊ အမျိုးသမီး (၅၅ ) ကီလိုပြိုင်ပွဲတွင် မသက်မွန်မြင့် (မကွေး)က ပထမ၊ မအေးစန္ဒာ (စစ်ကိုင်း)က ဒုတိယ၊ မခင်သီတာရွှေ(မကွေး)က တတိယ အသီးသီးရရှိခဲ့ကြပြီး အမျိုးသမီး(၄၉) ကီလိုပြိုင်ပွဲတွင် မနော်အယ်ကညော ဂျော့ (ရောဝတီ)သည် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ အမြန်မ သတ်မှတ်စံချိန် (၆၅)ကီလိုကို (၇၂)ကီလို ဖြင့်လည်းကောင်း၊ နှစ်ဆင့်မ သတ်မှတ်စံချိန် (၈၅)ကီလိုကို (၈၇)ကီလို ဖြင့်လည်းကောင်း၊ စုစုပေါင်းသတ်မှတ်စံချိန် (၁၄၈)ကီလိုကို (၁၅၉)ကီလို ဖြင့်လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။





စာမျက်နှာ(၄၉)···မှအဆက်

မောင်လွင်ထူးခန့်(မကွေး)က တတိယဆုများကို အသီးသီးရရှိခဲ့ကြပြီး အမျိုးသား (၈၉)ကီလိုပြိုင်ပွဲတွင် မောင်ခိုင်မျိုးဦး(စစ်ကိုင်း)သည် ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲ အမြန်မသတ်မှတ်စံချိန် (၁၁၇)ကီလိုကို (၁၁၈)ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မ သတ်မှတ်စံချိန်(၁၄၅)ကီလိုကို (၁၅၀)ကီလိုဖြင့် လည်းကောင်း၊ စုစုပေါင်း သတ်မှတ်စံချိန်(၂၆၀) ကီလိုကို (၂၆၈)ကီလိုဖြင့်လည်းကောင်း၊အမျိုးသမီး(၆၄)ကီလိုပြိုင်ပွဲတွင် မသူဇာခင်(စစ်ကိုင်း)သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲအမြန်မ သတ်မှတ်စံချိန် (၈၀)ကီလိုကို (၈၁)ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မ သတ်မှတ်စံချိန် (၁၀၀) ကီလိုကို (၁၀၈)ကီလိုဖြင့် လည်းကောင်း၊ စုစုပေါင်း သတ်မှတ်စံချိန် (၁၇၈)ကီလိုကို (၁၈၉)ကီလို ဖြင့် လည်းကောင်း စံချိန်သစ်များတင်နိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး(၄၅)ကီလို ပြိုင်ပွဲတွင် ပထမဆုရရှိသော မယဉ်ယဉ်ထွေး(ပဲခူး)၊ဒုတိယဆုရရှိသော မချိုဇင်မြင့်(မကွေး)၊ တတိယဆုရရှိသော မခိုင်သဇင်အောင်(ရောဝတီ)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ညွှန်ကြားရေးမှူး ဦးသန်းအောင်မှလည်းကောင်း၊ အမျိုးသား (၅၅)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ထက်အာကာဖြိုး(မကွေး)၊ ဒုတိယဆုရရှိသော မောင်အောင်ပြည့်စုံဦး (ရောဝတီ)၊ တတိယဆုရရှိသော မောင်မျိုးမင်းထက်(ရောဝတီ)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းကလည်းကောင်း၊ အမျိုးသမီး(၄၉)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မနော်အယ်ကညောဂျော့ (ရောဝတီ)၊ ဒုတိယဆုရရှိသော မထက်ထက်ထွေး(စစ်ကိုင်း)၊ တတိယဆုရရှိသော မမာမာထွေး(မန္တလေး)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးကလည်းကောင်း၊ အမျိုးသမီး(၅၅)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မသက်မွန်မြင့်(မကွေး)၊ ဒုတိယဆုရရှိသော မအေးစန္ဒာ(စစ်ကိုင်း)၊ တတိယဆုရရှိသော မခင်သီတာရွှေ(မကွေး)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း၊ အမျိုးသား (၆၁) ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်မြတ်ကျော်သူ(ရောဝတီ)၊ ဒုတိယဆုရရှိသောမောင်ဝေလွင်ဖြိုး(မန္တလေး)၊ တတိယဆုရရှိသော မောင်အောင်နိုင်လင်း (ရန်ကုန်)တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသား(၆၇) ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ထက်ညီညီနိုင် (ရောဝတီ)၊ ဒုတိယဆုရရှိသော မောင်ဝမ်ကြာလယ်(စစ်ကိုင်း)၊ တတိယဆုရရှိသော မောင်ကျော်ဖြိုးလတ် (ရန်ကုန်)တို့နှင့် အမျိုးသား(၇၃)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ရှိုင်းညီညီ (ရောဝတီ)၊ ဒုတိယဆုရရှိသော မောင်ရှိုင်းထက်အောင်(ရှမ်း)၊ တတိယဆုရရှိသော မောင်သက်ပိုင်ထူး (ရောဝတီ)တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေးက လည်းကောင်း၊ အမျိုးသမီး(၅၉)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မပေရယ်ထွန်း(ရောဝတီ)၊ ဒုတိယဆုရရှိသောမဆုမြတ်မွန်(ရန်ကုန်)၊တတိယဆုရရှိသော မအေးယုခိုင်(မကွေး) တို့နှင့် အမျိုးသား (၈၁)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ခွန်မောင်ခင်(ရှမ်း)၊ ဒုတိယဆုရရှိသော မောင်သန်းမျိုးထွန်း (မကွေး)၊ တတိယဆုရရှိသော မောင်နေလင်းဦး(ရန်ကုန်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ အမျိုးသမီး(၆၄) ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မသူဇာခင်(စစ်ကိုင်း)၊ ဒုတိယဆုရရှိသော မအေးစန္ဒာဝင်း(မကွေး)၊ တတိယဆုရရှိသော မရွှေရည်ဖူး(မကွေး)တို့နှင့် အမျိုးသား(၈၉)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ခိုင်မျိုးဦး(စစ်ကိုင်း)၊ ဒုတိယဆုရရှိသော မောင်အောင်ထက်ဟိန်း(မန္တလေး)၊ တတိယဆုရရှိသော မောင်လွင်ထူးခန့်(မကွေး) တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရှိရသည်။



# Park Trainers Association မှ ဂျပန်နည်းပြဆရာများက မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အုပ်ချုပ်/နည်းပြများ၊ အားကစားဆေးဘက်ဌာနခွဲမှ ဆရာ/ဆရာမများနှင့် ဂျူဒိုအားကစားသမားများအား Trainers နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များနှင့် Taping & Therapy နှင့်သက်ဆိုင်သည့် သင်ခန်းစာများအား သင်ကြားပို့ချ














● နေပြည်တော်၊စက်တင်ဘာလ(၂၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် (၈)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Cluster (3)ရှိ Judo Training Hall ၌ Park Trainers Association မှ ဂျပန်



နည်းပြဆရာများ ဖြစ်ကြသည့် NAKAJIMA YOSHIKAZU, NAKAJIMA YOSUKE, HOSHINO SEIYA, OTAKE REN, ABE YAMATO တို့က မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အုပ်ချုပ်/နည်းပြများ၊ အားကစားဆေးဘက်ဌာနခွဲမှ ဆရာ/ဆရာမများနှင့် ဂျူဒိုအားကစားသမားများအား Trainers နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များနှင့် Taping & Therapy ကောင်း

စာမျက်နှာ(၅၂)သို့











စာမျက်နှာ(၅၁)···မှအဆက်

တစ်ဦးဖြစ်အောင် မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်စေရန် ရည်ရွယ်၍ သင်ခန်းစာများအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခြင်းများကို လာရောက်ကြည့်ရှုခဲ့ကြသည်။

ဦးစွာPark Trainers Association မှ ဂျပန်နည်းပြဆရာ NAKAJIMA YOSHIKAZU က အားကစားသမားတစ်ဦးအနေဖြင့် လေ့ကျင့်မှုများပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရရှိစေရန်အတွက် ကြိုတင်ကာကွယ်ရမည့် အချက်များနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက မည်သို့ကုသရမည်ဆိုသည့် အချက်များအား အဓိက ဆွေးနွေးပို့ချခဲ့ပြီး၊ NAKAJIMA YOSUKE က အားကစားသမားတိုင်း ထိခိုက်ဒဏ်ရာအများဆုံးရရှိနိုင်သည့် ခြေကျင်းဝတ်၊ ဒူးဆစ်၊ ပခုံးဆစ်နာကျင်သည့် နေရာများအား Taping (ပတ်တီးစည်းခြင်း) နှင့် နာကျင်မှုသက်သာပြီး ထိရောက်မှုရှိမည့် Therapy နည်းစနစ်များအား လက်တွေ့သင်ကြား ပို့ချပေးခဲ့ပြီးနောက် မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက Park Trainers Association မှ ဂျပန်နည်းပြဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများအား အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်ခန်းစာများအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချခြင်းကို စက်တင်ဘာလ (၂၆)ရက်နေ့ နံနက်(၈)နာရီမှ(၁၁)နာရီထိ၊ မွန်းလွဲ(၂)နာရီမှ (၅)နာရီထိ Park Trainers Association မှ ဂျပန်နည်းပြဆရာ(၅)ဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ထွက်ခွာ

● ရန်ကုန်၊ စက်တင်ဘာလ(၃၀)ရက်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်နေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ အဖွဲ့ဝင်(၁)ဦးတို့သည် ယနေ့နံနက် (၀၈း၂၀)နာရီအချိန်တွင် လေယာဉ်အမှတ် 8M-231 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။




# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)စာသင်ကျောင်း၊ အားကစားကွင်း/အားကစားရုံများ၊ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု









● မော်လမြိုင်၊ စက်တင်ဘာလ(၂၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် ယနေ့နံနက်(၈း၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)သို့ ရောက်ရှိပြီး အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်းတွင် တက်ရောက်လျက်ရှိသော ကျောင်းသား/ကျောင်းသူများ စာသင်ကြားနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး ဦးနေမျိုးလွင်မှ နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးသည့် ခရီးစဉ်များတွင် အကြီးအကဲထံသို့ တင်ပြမည့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၏ ကျောင်းမြေနေရာ (Google Map) ၊ ကျောင်းမြေနေရာ (Layout Plan)၊ အားကစားကွင်း/ရုံ ရေကူးကန်များ၏ ရာဇဝင်တင်ပြချက်၊ အားကစားနှင့်ကာယပညာသိပ္ပံများ၏ အားကစားနည်းအလိုက် သင်တန်းသားအင်အားနှင့် နည်းပြအင်အား စာရင်း၊ ပညာသင်နှစ်အလိုက် အောင်မြင်မှုများနှင့် ပတ်သက်သည့် ကားချပ်များအား ကောင်းမွန်ပြည့်စုံစွာ တင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးထံသို့ ရှင်းလင်းတင်ပြ လမ်းညွှန်မှုခံယူခဲ့ပါကြောင်း သိရှိရပါသည်။

■

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ရောက်ရှိ

● ဟန်ကျိုး၊ စက်တင်ဘာလ(၃၀)ရက်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်နေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ည ဒေသစံတော်ချိန် (၁၀)နာရီအချိန်တွင် လေယာဉ်အမှတ် TR-188 ဖြင့် ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြောင်း သိရှိရသည်။














ရန်ကုန်၊ စက်တင်ဘာလ(၄)ရက်။ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ ကရာတေးအဖွဲ့ချုပ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အားကစားသင်တန်းဆင်းပွဲအား YUFL ၌ ယနေ့နံနက်(၁၀း၀၀)နာရီတွင် ကျင်းပပြုလုပ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး တက်ရောက်။















# (၅၅)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာ့ကာယဗလအားကစားအဖွဲ့အား ရန်ကုန်လေဆိပ်၌ ပြည်သူများ သောင်းသောင်းဖြဖြကြိုဆို ရွှေတံဆိပ်(၁)ဆု၊ ငွေတံဆိပ်(၂)ဆု၊ ကြေးတံဆိပ်(၃)ဆုရရှိ











● ရန်ကုန်၊ စက်တင်ဘာလ(၈)ရက်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ စက်တင်ဘာ (၁) ရက်နေ့မှ(၇) ရက်နေ့အထိကျင်းပပြီးစီးခဲ့သည့် (၅၅)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီဦးဆောင်၍ အုပ်ချုပ်သူတစ်ဦး၊ ဒိုင်နှစ်ဦး၊ နည်းပြနှစ်ဦးနှင့် အားကစားသမား (၁၀)ဦးပါဝင်သော အောင်ပွဲရမြန်မာ့ကာယဗလ အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွှန့်ဖေနှင့် ကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှတာဝန်ရှိသူများ အားကကာ/သိပ္ပံ(ရန်ကုန်) ကျောင်းမှ ကျောင်းသား/ကျောင်းသူများ မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ပြည်သူများက အိုးစည်ဒိုးပတ်အကများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ အောင်ပွဲရမြန်မာ့ကာယဗလ အားကစားအဖွဲ့တွင် Men's Sports Physique( Up to 175 Cm) ပြိုင်ပွဲ၌ ငြိမ်းချမ်းက ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ၂၁ နှစ်အောက်ကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲ၌ ဟိန်းထက်ဇော်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ၇၀ ကီလိုတန်းပြိုင်ပွဲ၌ ရဲထွန်းနောင်က ငွေတံဆိပ်ဆုကို

စာမျက်နှာ(၅၈)သို့

# အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ လာရောက်ကြည့်ရှုစစ်ဆေး



● တောင်ကြီး၊ စက်တင်ဘာလ(၆)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)ဦးကျော်ဦး လိုက်ပါလျက် ယနေ့နေ့လယ်(၂း၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ရောက်ရှိပြီး အရာထမ်းများနှင့် တာဝန်ခံနည်းပြများအား ပင်မဆောင်အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။





အစီအစဉ်အရ ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက အုပ်ချုပ်ရေး၊ လေ့ကျင့်ရေး၊ ပညာရေးဆိုင်ရာ အချက်အလက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် လမ်းညွှန်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များအား သိရှိနားလည်ထားရန်လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန် ကူညီရိုင်းပင်းပြီး စည်းစည်းလုံးလုံး နေထိုင်သွားကြရန်လိုကြောင်း၊ လုံခြုံရေးကိစ္စနှင့်ပတ်သက်၍ စာရွက်စာတမ်း လုံခြုံရေး၊ နေရာလုံခြုံရေးအား သတိရှိစွာ နေထိုင်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

အခမ်းအနားအပြီးတွင်ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းဝင်းအတွင်းရှိ ရေကူးကန်၊ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံလမ်းညွှန်ခြင်းအခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဒုတိယကျောင်းအုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။









# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များ ဆက်လက်ကျင်းပ





● နေပြည်တော်၊ စက်တင်ဘာလ(၁၄)ရက်။

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အလေးမ အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပခဲ့သည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား(၆၇)ကီလိုပြိုင်ပွဲ၊ အမျိုးသား(၇၃)ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး (၅၉)ကီလိုပြိုင်ပွဲများအား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသား(၆၇)ကီလိုပြိုင်ပွဲတွင် မောင်ထက်ညီညီနိုင်(ရောဝတီ)က ပထမ၊ မောင်ဝမ်ကြာလည် (စစ်ကိုင်း)က ဒုတိယ၊ မောင်ကျော်ဖြိုးလတ်(ရန်ကုန်)က တတိယဆုများကိုလည်းကောင်း၊ အမျိုးသမီး (၅၉) ကီလိုပြိုင်ပွဲတွင် မပေရယ်ထွန်း(ရောဝတီ)က ပထမ၊ မဆုမြတ်မွန်(ရန်ကုန်)က ဒုတိယနှင့် မအေးယုခိုင်(မကွေး)က တတိယဆုများကိုလည်းကောင်း၊ အမျိုးသား (၇၃)ကီလိုပြိုင်ပွဲတွင် မောင်ရှိုင်းညီညီ(ရောဝတီ)က ပထမ၊ မောင်ရှိုင်းထက်အောင် (ရှမ်း)က ဒုတိယ၊ မောင်သက်ပိုင်ထူး(ရောဝတီ)က တတိယဆုများကို လည်းကောင်း အသီးသီးရရှိခဲ့ကြပြီး အမျိုးသား(၆၇) ကီလိုပြိုင်ပွဲတွင် မောင်ထက်ညီညီနိုင် (ရောဝတီ)သည် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ အမြန်မ သတ်မှတ်စံချိန် (၁၀၅)ကီလိုကို (၁၁၇)ကီလိုဖြင့်လည်းကောင်း၊ အမျိုးသမီး (၅၉)ကီလိုပြိုင်ပွဲတွင် မပေရယ်ထွန်း(ရောဝတီ)သည် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲ နှစ်ဆင့်မ သတ်မှတ်စံချိန်(၉၅)ကီလိုကို (၉၆)ကီလိုဖြင့် လည်းကောင်း၊ အမျိုးသား(၇၃)ကီလိုပြိုင်ပွဲတွင် မောင်ရှိုင်းညီညီ(ရောဝတီ) သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲ နှစ်ဆင့်မ သတ်မှတ်စံချိန် (၁၃၅)ကီလိုကို (၁၃၆)ကီလိုဖြင့် လည်းကောင်း စံချိန်သစ်များတင်နိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၅၆)···မှအဆက်

လည်းကောင်း၊ Senior Women's Model Physique ( Up to 165 Cm)ပြိုင်ပွဲ၌ အေးသန္တာခိုင်က ကြေးတံဆိပ်ဆုကို လည်းကောင်း၊ Men Athletic Physique (Up to 182 Cm) ပြိုင်ပွဲ၌ ဟိန်းထက်ကျော်က ကြေးတံဆိပ်ဆုကို လည်းကောင်း၊ Senior Women's Athletic Physique (Up to. 165 Cm) ပြိုင်ပွဲ၌ ဝတ်ရည်ဖြိုးက ကြေးတံဆိပ်ဆုကို လည်းကောင်း၊ Senior Women's Athletic Physique (Up to 160 Cm) ပြိုင်ပွဲ၌ မီမီကျော်နိုင်က စတုတ္ထဆုကိုလည်းကောင်း၊ ၇၅ ကီလိုတန်း ပြိုင်ပွဲ၌ အောင်သန်းဌေးက စတုတ္ထဆုကို လည်းကောင်း၊ ၅၅ ကီလိုတန်းပြိုင်ပွဲ၌ ပြည့်ဖြိုးက စတုတ္ထဆုကိုလည်းကောင်း၊ ၆၅ ကီလိုတန်းပြိုင်ပွဲ၌ မောင်မောင်မြင့်က ပဉ္စမဆုကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြောင်း သိရသည်။


















(၂၅.၉.၂၀၂၃)ရက်နေ့တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ သင်တန်းသား/သူများ နေ့လယ်စာ စားသုံးခြင်းနှင့် ဌာနစုအလိုက် ရုံးခန်းများအား လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ









● နေပြည်တော်၊ စက်တင်ဘာလ(၁၁)ရက်။

အလေးမ အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ (Gold Medal Hall) ၌ ကျင်းပသည်။

အစည်းအဝေး၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အလေးမအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ခြင်း မရှိပါကြောင်း၊ အလေးမ အားကစားနည်းသည် ရွှေတံဆိပ်ဆုရရှိသည့် အားကစားနည်း တစ်ခုဖြစ်ပြီး အိုလံပစ်အားကစားနည်းတွင် ပါဝင်သည့် အားကစားနည်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အသင်းအချို့တွင် သတ်မှတ်ဦးရေ အပြည့်အဝပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည့်အတွက် နောက်နှစ်များတွင် သတ်မှတ်ဦးရေအတိုင်း အင်အားအပြည့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး တာဝန်ရှိသူများမှ ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများတွင် အရည်အချင်းရှိပြီး အလားအလာရှိသည့် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အုပ်ချုပ်သူ/နည်းပြများမှ စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းပြနှင့် အားကစား အထောက်အကူပြုပစ္စည်းများ အခက်အခဲရှိပါက ဝန်ကြီးဌာနမှ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအားကစားသမားများ တားမြစ်ဆေးဝါး သုံးစွဲခြင်းများ မပြုလုပ်ကြရန် တာဝန်ရှိသူများမှ ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲတွင် မိမိတို့အသင်း အောင်နိုင်ရေးအတွက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းနှင့် မကိုက်ညီသည့် အားကစားသမားများကို ခေါ်ဆောင်လာသည့် ပြိုင်ပွဲဝင် အသင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း အားကစားသမားများ သွားလာနေထိုင် စားသောက်ရာတွင် အဆင်ပြေမှု ရှိစေရေးနှင့် ထိခိုက်ဒဏ်ရာမရရှိစေရေး နည်းပြများမှ အနီးကပ်ကြပ်မတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ ကျန်းမာရေးပြဿနာများရှိပါက အားကစားဆေးဘက်ဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူးထံ သတင်းပို့ တင်ပြဆောင်ရွက်သွားရန် လိုကြောင်း၊ အားကစား လေ့ကျင့်ရေးစခန်းတွင် တည်းခိုနေထိုင်စဉ်ကာလအတွင်း သတ်မှတ်စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ပေးစေလိုကြောင်း၊ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်ကာလအတွင်း အခက်အခဲများနှင့် လိုအပ်ချက်များရှိပါက တာဝန်ရှိသူများထံတင်ပြပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒိုင်/ဂျူရီများအနေဖြင့် ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ မှန်ကန်တိကျစွာ အမှတ်ပေးဆုံးဖြတ်ဆောင်ရွက်သွားကြရန်၊ အားကစား စီမံကိန်းနှင့်သုတေသနဌာနခွဲမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ၏ အချက်အလက်များ ကောက်ခံရာတွင် မှန်ကန်တိကျစွာ စာရင်းပေးသွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ယခုအလေးမပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် ပထမဆုကျပ်(၁)သိန်း၊ ဒုတိယဆုကျပ်(၇)သောင်း၊ တတိယဆု ကျပ်(၅)သောင်းနှင့် အကောင်းဆုံးအားကစားသမားဆုအတွက် တစ်ဆုလျှင်ကျပ်(၁)သိန်းနှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုရရှိသည့် အားကစားသမားများအား ဆုတံဆိပ်၊ ဆုဖလားများအပြင် ဆုကြေးငွေများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အကောင်းဆုံး အားကစားသမားဆု၊ အမျိုးသားတံခွန်စိုက်ဒိုင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းနှင့် စုပေါင်းတံခွန်စိုက်ဒိုင်းများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းဆိုင်ရာကိစ္စရပ်များ၊ စားသောက်တည်းခိုနေထိုင်ရေးနှင့် မော်တော်ယာဉ်(ကြို/ပို့) ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယား ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

■

# အားကစားစီမံကိန်းနှင့် သုတေသနလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ





● နေပြည်တော်၊ စက်တင်ဘာလ(၂၈)ရက်။

ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများအား စောင့်ကြည့်လေ့လာ အကဲဖြတ် ဆောင်ရွက်ရေး၊ အားကစားဆိုင်ရာ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် အားကစားစီမံကိန်းနှင့် သုတေသနလုပ်ငန်းကော်မတီအနေဖြင့် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်စေရေး၊ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြန်လည်ဦးမော့လာစေရေးအတွက် ထိရောက်အကျိုးများစေမည့် အချက်အလက်များရရှိရေးနှင့် ပတ်သက်၍ အားကစားစီမံကိန်းနှင့် သုတေသနဖွံ့ဖြိုးရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်(၉) နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း (အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ အားကစားနှင့်သုတေသနလုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီ အစည်းအဝေးကို (၂)လတစ်ကြိမ် ပုံမှန်ကျင်းပသွားရန်နှင့် ပထမအကြိမ်ပြုလုပ်ခဲ့သည့် အစည်းအဝေးက ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်အခက်အခဲများအား ပြန်လည်သုံးသပ်ရန် ပြောကြားခဲ့သည်။

ထို့နောက် အားကစားစီမံကိန်းနှင့် သုတေသနလုပ်ငန်းကော်မတီ အတွင်းရေးမှူး အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်က ဌာနအတွင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သုတေသနဒီပလိုမာ (သို့မဟုတ်) သုတေသနဘွဲ့ရရှိသူများကို ခန့်ထားပေးနိုင်ရန်၊ မသန်စွမ်းအားကစားကဏ္ဍနှင့်ပတ်သက်သည့် မှတ်တမ်းများကို အားကစားပြတိုက်တွင် ထားရှိနိုင်ရေး လူထုအားကစားနှင့် ပညာပေးဌာနခွဲနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ အားကစားသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားနယ်ပယ်အလိုက် ကျွမ်းကျင်နည်းပြများနှင့် အားကစားသမားများ ပါဝင်ညှိနှိုင်းနိုင်ရေးဆောင်ရွက်ရန်၊ သုတေသနစာကြည့်တိုက် ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် ဘတ်ဂျက်နှစ်အလိုက် ထည့်သွင်းတင်ပြနိုင်ရေး စီမံဆောင်ရွက်ရန်၊ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများအား စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းများမှရရှိလာသည့် အချက်အလက်များအပေါ်အခြေခံ၍ သုတေသနဆောင်ရွက်သင့်သည့် ဦးစားပေးနယ်ပယ်များ သတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများအား စစ်တမ်းကောက်ယူခြင်းများ၊ သုတေသနပြုလုပ်ခြင်းများ ပြုလုပ်ရန်စသည်ဖြင့် တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် (မန္တလေး)တို့မှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ပြီး သုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုတင်ပြခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သုတေသနလုပ်ငန်းများအတွက် အသီးသီး အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက သုတေသနလုပ်ငန်း ကော်မတီအတွက် ဘတ်ဂျက်လျာထားမှု အခြေအနေများ၊ ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပြီး သုတေသနလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရရှိလာသည့် ဝန်ထမ်းများအား ကျွမ်းကျင်မှုရှိစေရန်အတွက် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ လိုအပ်သည့် ဝန်ထမ်းနေရာများအတွက် သုတေသန ဒီပလိုမာဘွဲ့ရ ဝန်ထမ်းများအား ခန့်ထားနိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊နိုင်ငံတကာ အားကစားသုတေသန စာအုပ်များအား ဘာသာပြန်ဆိုနိုင်ရေး ဆောင်ရွက်ရန်၊ သုတေသနလုပ်ငန်းများအား လေ့လော်၊ ခြင်းလုံးနှင့် တင်းနစ်အားကစားနည်းများဖြင့် စတင်လုပ်ဆောင်သွားရန်၊ အကြံပေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး တာဝန်ရှိသူများအား တင်ပြသွားရန် ပြောကြားခဲ့ပြီး အစည်းအဝေးအား

စာမျက်နှာ(၆၂)သို့





# အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က ဝန်ထမ်းများနှင့် လစဉ်တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ)အခမ်းအနားကျင်းပ









● မော်လမြိုင်၊ စက်တင်ဘာလ(၂၅)ရက်။

အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ လစဉ် တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကို ယနေ့မွန်းလွဲ(၁၄း၀၀) နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးဦးနေမျိုးလွင်က အဖွင့် အမှာစကားပြောကြားရာတွင် မိမိ အနေဖြင့် အားကစားနှင့်ကာယပညာ ဦးစီးဌာန၏ လမ်းညွှန်ချက်များအား ဝန်ထမ်းများအားလုံးကို ထပ်ဆင့်ရှင်းလင်းပြောကြားသွားမည် ဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ အပတ်စဉ်အစည်း



အဝေးတွင် ပြောကြားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက် မရရှိဘဲ မိမိတို့ရုံးစိုက်ရာ ဒေသမှ အခြားဒေသသို့ ကျော်လွန်၍ ခရီးသွားလာခြင်း မပြုလုပ်ကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး အထူးဂရုစိုက်ကြရန် လိုကြောင်းနှင့် လုံခြုံရေး အသိ၊ လုံခြုံရေးသတိ အမြဲရှိရန်လိုကြောင်း၊ ဒေသတာဝန်ရှိ ပုဂ္ဂိုလ်များမှ တာဝန်အရ စစ်ဆေးမှုများပြုလုပ်သည့်အခါတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကြည်ဖြူစွာ လက်ခံရန်လိုကြောင်း၊ သတင်းလုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေး ကိစ္စရပ်များအား အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊စာရွက်စာတမ်းနှင့် E-mail များ လုံခြုံမှုရှိစေရေးအတွက် ဝန်ထမ်းများအနေဖြင့် အထူးဂရုပြု ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သတင်းမီဒီယာများမှ သတင်းများ ရယူလိုခြင်းအတွက် data အချက်အလက်များ တောင်းခံပါက သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်အား တင်ပြခွင့်ပြုချက် ရယူပြီးမှသာ ပေးရန်လိုကြောင်း၊ ရုံးစာများ၊ အမှုတွဲများပြုစုရာတွင် ရုံးလုပ်ငန်းလက်စွဲ စာအုပ်များတွင် သတ်မှတ်ပြဌာန်းထားသည့်အတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ဌာနစိတ်အလိုက် ဝန်ထမ်းများမှ တင်ပြစရာ မရှိသည့်အတွက် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီးနောက် ဌာနစိတ်အလိုက်ဝန်ထမ်းများအား အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) Logo တံဆိပ်ပါ ဦးထုပ်များအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

▶ စာမျက်နှာ(၆၁)…မှအဆက်

ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသို့အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက In-Person ဖြင့် တက်ရောက်ခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် မန္တလေးမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။













(၂၅.၉.၂၀၂၃)ရက်နေ့တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ်ကြီးမှ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီးများမှ ဆွေးနွေးပြောကြား၍ လက်ထောက်ညွှန်ကြားရေးမှူးများမှ ဌာန၏ ညွှန်ကြားချက်များနှင့် ကျောင်း၏လုပ်ငန်းစဉ်များကို ပြောကြားပြီးနောက် ဌာနစုအလိုက်ဝန်ထမ်းများမှ လိုအပ်ချက်များကို တင်ပြကြရာ နိဂုံးချုပ်တွင် ကျောင်းအုပ်ကြီးမှ ဝန်ထမ်းများ၏ တင်ပြချက်များအား ပြန်လည်ဖြေရှင်းပြောကြား။









(၂၇.၉.၂၀၂၃)ရက်နေ့တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ လစဉ်ဆန္ဒထုတ်ဖော်ပွဲ(ဒါဘာ)ကျင်းပခြင်းနှင့် ဇီးပင်ကြီးသို့ သင်တန်းတက်ရောက်မည့် ဝန်ထမ်းအား စာရေးကိရိယာများထောက်ပံ့ခြင်း။

# အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) တွေ့ဆုံဆွေးနွေးပွဲ(ဒါဘာ) အခမ်းအနားကျင်းပ











● လှိုင်ကော်၊ စက်တင်ဘာလ(၂၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်)တွင် ယနေ့နံနက်(၁၀း၃၀) နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ (ဒါဘာ)အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)ခေတ္တကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် အရာထမ်း(၁၃)ဦး၊ အမှုထမ်း(၃၃)ဦး စုစုပေါင်း (၄၆)ဦးတို့ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင်ခေတ္တကျောင်းအုပ်ကြီးမှ အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး(၁)ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ရှင်းလင်းဆွေးနွေးပြီးနောက် ခေတ္တကျောင်းအုပ်ကြီးမှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

# (၁၅)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့ကာယဗလ အားကစားအဖွဲ့ထွက်ခွာ

● ရန်ကုန်၊ စက်တင်ဘာလ(၁)ရက်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီဦးဆောင်၍ အုပ်ချုပ်သူတစ်ဦး၊ ဒိုင်နှစ်ဦး၊ နည်းပြနှစ်ဦးနှင့် အားကစားသမား ၁၀ ဦးပါဝင်သောမြန်မာ့ကာယဗလအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် နီပေါနိုင်ငံသို့ ထွက်ခွာသွားသည်။




အဆိုပါ မြန်မာ့ကာယဗလအားကစားအဖွဲ့တွင်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်(ဒိုင်)၊ ဦးအောင်နိုင်(ဒိုင်)၊ ဦးဝင်းလွင်(နည်းပြ)၊ ဒေါ်တင်မမမျိုး (နည်းပြ) ကာယဗလလက်ရွေးစင် အားကစားသမားများဖြစ်သည့် ၂၁ နှစ်အောက်ကာယဗလ ၇၅ ကီလိုတန်းပြိုင်ပွဲ၌ ဟိန်းထက်ဇော်၊ ၅၅ ကီလိုတန်းပြိုင်ပွဲ၌ ပြည့်ဖြိုး၊ ၆၅ ကီလိုတန်းပြိုင်ပွဲ၌ မောင်မောင်မြင့်၊ ၇၀ ကီလိုတန်းပြိုင်ပွဲ၌ ရဲထွန်းနောင်၊ ၇၅ ကီလိုတန်းပြိုင်ပွဲ၌ အောင်သန်းဌေး၊ Men Athletic Physique( Up to 182 Cm)ပြိုင်ပွဲ၌ ဟိန်းထက်ကျော်၊ Men's Sports Physique( Up to 175 Cm) ပြိုင်ပွဲ၌ ငြိမ်းချမ်း၊ Senior Women's Model Physique (Up to 160 Cm)ပြိုင်ပွဲ၌ မီမီကျော်နိုင်၊ Senior Women's Athletic Physique (Up to 165 Cm) ပြိုင်ပွဲ၌ အေးသန္တာခိုင်နှင့် Senior Women's Athletic Physique(Up to 165 Cm) ပြိုင်ပွဲ၌ ဝတ်ရည်ဖြိုးတို့ လိုက်ပါသွားကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar IESE World Championship 2023 ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်

● နေပြည်တော်၊ စက်တင်ဘာလ(၂)ရက်။

မြန်မာ့လက်ရွေးစင် Dota2 အသင်း Team Myanmar သည် နိုင်ငံပေါင်း ၁၁၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် International Esports Federation (IESF) World Championship 2023 ပြိုင်ပွဲ၌ အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar သည် ရိုမေးနီးယားနိုင်ငံ၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပလျက်ရှိသည့် IESF World Championship 2023 ပြိုင်ပွဲ၌ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံ၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ထက်လင်းနှင့် မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar




အသင်းနည်းပြ ဦးရန်မင်းနိုင်တို့ ဦးဆောင်ကာ အသင်းအဖွဲ့ဝင် မောင်အောင်မြတ်စိုး၊ မောင်ဇော်ရိန်ဆိုင်းအောင်၊ မောင်မင်းခန့်မောင်မောင်၊ မောင်ကောင်းဆက်ဟိန်းနှင့် မောင်သီဟကျော်စွာတို့ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

"မြန်မာ့လက်ရွေးစင် Dota 2 အသင်း Team Myanmar အသင်းဟာ ဗိုလ်လုပွဲမှာ မွန်ဂိုလီးယားနိုင်ငံ ကိုယ်စားပြုအသင်းနဲ့ ယှဉ်ပြိုင်ရမယ်။ ရွှေတံဆိပ် ဒါမှမဟုတ် ငွေတံဆိပ် တစ်ခုခုကိုတော့ မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းအနေနဲ့ ရယူနိုင်တော့မှာဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံ ကိုယ်စားပြုအသင်းကို အနိုင်ရရှိပြီး ရွှေတံဆိပ် ရရှိဖို့အတွက် မြန်မာပရိသတ်အနေနဲ့ ဝိုင်းဝန်းအားပေး ဝန်းရံပေးကြပါလို့ ပြောချင်ပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသားဘောလုံးအသင်း အပြီးသတ် လူရွေးချယ်

● ရန်ကုန်၊ စက်တင်ဘာလ(၁၆)ရက်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအမျိုးသား ဘောလုံးအသင်း နည်းပြချုပ်ဖိုက်အွန်ဘိုင်နာသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၃ နှစ်အောက် ပြိုင်ပွဲအဖြစ် သတ်မှတ်ထားသော်လည်း ယခုအကြိမ်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ် နောက်ဆုတ်ကျင်းပသဖြင့် ယူ-၂၄ ကစားသမားများဖြင့် ယှဉ်ပြိုင်ခွင့်ပြုထားပြီး အသက်ကျော်ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အသက်ကျော်ကစားသမားများအဖြစ် ရန်ကျော်ထွေး၊ ရန်နိုင်ဦးနှင့် နေမိုးနိုင်တို့ကို ရွေးချယ်ခဲ့ပြီးအသက်မီသည့် ဝေလင်းအောင်၊ ထက်ဖြိုးဝေ၊ ဟိန်းဇေယျာလင်း စသည့် ကစားသမားများလည်း ပါဝင်လာသည်။ မြန်မာယူ-၂၃




အမျိုးသားအသင်းတွင် နည်းပြချုပ်အဖြစ် ဖိုက်အွန်ဘိုင်နာ (ဂျာမနီ)၊ ကစားသမားများအဖြစ် ဂိုးသမား ဇင်ညီညီအောင် (ဒဂုံစတား)၊ ပြည့်ဖြိုးအောင်(ဟံသာဝတီ)၊ ပြည့်ဖြိုးသူ (ရတနာပုံ)၊ နောက်တန်း ကောင်းထက်ပိုင်၊ သက်ဟိန်းစိုး(ရတနာပုံ)၊ မင်းခန့်(ရခိုင်)၊ ဟိန်းဇေယျာလင်း၊ ဇင်ကိုထက်၊ ညဏ်လင်းထက် (ရန်ကုန်)၊ ဇွဲခန့်မင်း(ရှမ်းယူနိုက်တက်)၊ အလယ်လတ်ဝေဘုန်း (ရှောဝတီ)၊ အလယ်တန်း-အာကာကျော် (မဟာယူနိုက်တက်)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်)၊ ဝေလင်းအောင်၊ မင်းမြတ်စိုး (ဒဂုံစတား)၊ နေမိုးနိုင်၊ ခွန်ကျော်ဇင်ဟိန်း(ဟံသာဝတီ)၊ ရှေ့တန်း-ချစ်အေး(ရတနာပုံ)၊ ထက်ဖြိုးဝေ(ရှမ်းယူနိုက်တက်)နှင့် ရန်ကျော်ထွေး(ရန်ကုန်)တို့ပါဝင်သည်။ မြန်မာဘောလုံးအသင်းသည် စက်တင်ဘာလ ၁၆ ရက်က ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ ထွက်ခွာသွားသည်။

မြန်မာအသင်းသည် အိမ်ရှင်တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၆ သင်းနောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား တွေ့ဆုံအားပေး













● ရန်ကုန်၊ စက်တင်ဘာလ(၁၈)ရက်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်နေ့မှ အောက်တိုဘာ ၈ ရက်နေ့အထိကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်က ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာမြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ရန်ကုန်မြို့ အင်းယားကန်တွင် စခန်းသွင်း လေ့ကျင့်နေသည့် လှေလှော်အားကစားသမားများ၊ ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ဝူရှူးလေ့ကျင့်ရေးခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစကားပြောကြားသည်။

အဆိုပါ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားအဖွဲ့သည် ၁၀ တက်လှော် အမျိုးသား/အမျိုးသမီး၊ မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀ အားကစားနည်းခြောက်မျိုးဖြစ်ပြီး၊ ဝူရှူးပြိုင်ပွဲတွင် အမျိုးသမီးအားကစားသမားများက ချန်းစု+ကျန့်စုပြိုင်ပွဲ၊ နန်းချွမ်+နန်းသောင်းပြိုင်ပွဲနှင့် ထိုက်ချီချွမ်+ထိုက်ချီကျန့်ပြိုင်ပွဲများ၊ အမျိုးသားများက ထိုက်ချီချွမ်+ထိုက်ချီကျန့် ပြိုင်ပွဲနှင့် နန့်ချွမ်+နန်းကွန့်ပြိုင်ပွဲ ပြိုင်ပွဲနှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ အမျိုးသား၊ အမျိုးသမီး ဘောလုံး၊ လှေလှော်၊ ဝူရှူး၊ မြားပစ်၊ E-Sports၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုအားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

■

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports(AOV) အားကစားအဖွဲ့ ထွက်ခွာ




● ရန်ကုန်၊ စက်တင်ဘာလ(၂၁)ရက်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports (AOV)အားကစားအဖွဲ့သည် ဒုတိယဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်း ခေါင်းဆောင်၍ အုပ်ချုပ်/နည်းပြ(၄)ဦးနှင့် အမျိုးသား အားကစားသမား(၆)ဦး လိုက်ပါလျက် ယနေ့ညနေ (၁၆း၁၀) နာရီအချိန်၌ လေယာဉ်အမှတ် MU-2032 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports (PUBGM) အားကစားအဖွဲ့ ထွက်ခွာ

● ရန်ကုန်၊ စက်တင်ဘာလ(၂၄)ရက်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports (PUBGM) အားကစားအဖွဲ့မှ နည်းပြ (၁)ဦးနှင့် အမျိုးသားအားကစားသမား (၅)ဦးတို့သည် ယနေ့ညနေ(၁၆း၁၀) နာရီအချိန်၌ လေယာဉ်အမှတ် MU-2032 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။




## အားကစားစိတ်ဓာတ်

အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းကမ်းစည်းမျဉ်းများကိုသာမက နည်းပြဆရာ အုပ်ချုပ်သူ အားကစားဆေးပညာရှင် အစရှိသောသူများ ပြိုင်ပွဲတာဝန်ရှိ ပုဂ္ဂိုလ်များ၏ လမ်းညွှန်မှုနှင့် အဆုံးအဖြတ်တို့ကို တိကျလေးစားစွာလိုက်နာရပါမည်။

အားကစားယှဉ်ပြိုင်ရာတွင် အားကစားသမားတိုင်းသည် ပွဲကြည့်ပရိသတ်တစ်ခုလုံး စော်ကားသည့် ရိုင်းပြည်စ်နွမ်းသော အပြုအမူ၊ အပြောအဆိုများကို မပြုမိစေရန် ဆင်ခြင်ရပါမည်။တစ်နည်းအားဖြင့် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းရပါမည်။

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ အမျိုးသမီးဘောလုံးနှင့် ဝူရှူးတို့ ပါဝင်ယှဉ်ပြိုင်













● ဟန်ကျိုး၊ စက်တင်ဘာလ(၂၅)ရက်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို ယနေ့နံနက် ဒေသစံတော်ချိန် (၉)နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပလျက်ရှိသော ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မောင်စွမ်းရည်ထက်နိုင်က ထိုက်ချိချွမ် ပြိုင်ပွဲတွင် (၉ ・၄၁၀)မှတ်၊ ထိုက်ချိကျန့်ပြိုင်ပွဲတွင် (၉ ・၀၅၀)မှတ်ဖြင့် ပြိုင်ပွဲနှစ်ခုပေါင်းတွင် (၁၈ ・၄၆၀)မှတ်ရရှိ၍ အဆင့်(၁၇)နေရာသာ ရရှိခဲ့သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက တရုတ်(ဟောင်ကောင်)အသင်းကို (၁-၀)ဖြင့် အနိုင်ရရှိခဲ့ပါသည်။

စက်တင်ဘာလ (၂၆)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် တိုက်ကွမ်ဒိုအားကစားနည်းမှ မမိုးမြင့်မြတ် (-53 Kg) ပြိုင်ပွဲနှင့် နံနက်(၁၀)နာရီအချိန်တို့တွင် ဝူရှူးအားကစားနည်းမှ မအေးသစ္စာမြင့်တို့က နန်းချွမ်(ခေါ်) တောင်ပိုင်းလက်သိုင်းနှင့် နန်းသောင်း(ခေါ်) တောင်ပိုင်းဓားသိုင်းပြိုင်ပွဲအမျိုးအစားဖြင့် ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

■

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports (Dota-2) အားကစားအဖွဲ့ ထွက်ခွာ




● ရန်ကုန်၊ စက်တင်ဘာလ(၂၆)ရက်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ E-Sports (Dota-2) အားကစားအဖွဲ့မှ နည်းပြ (၁)ဦးနှင့် အမျိုးသားအားကစားသမား (၅)ဦးတို့သည် ယနေ့ညနေ(၁၆း၁၀) နာရီအချိန်၌ လေယာဉ်အမှတ် MU-2032 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

# (၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ ဆက်လက်ထွက်ခွာ







● ရန်ကုန်၊ စက်တင်ဘာလ(၂၉)ရက်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ အောက်တိုဘာလ (၈)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်၊ ဒုတိယဥက္ကဋ္ဌနှင့် နည်းပြ (၂)ဦး၊ အမျိုးသား အားကစားသမား(၈)ဦး၊ အမျိုးသမီး အားကစားသမား(၆)ဦး၊ မြန်မာမြားပစ်အားကစားအဖွဲ့မှ နည်းပြ(၁)ဦး၊ အမျိုးသား အားကစားသမား(၁)ဦး၊ အမျိုးသမီး အားကစားသမား (၁)ဦးတို့သည် ယနေ့နေ့လယ် (၁၁း၂၅)နာရီအချိန်၌ လေယာဉ်အမှတ် CZ-3056 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ ■

## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် E -Sports အားကစားနည်းမှ Dota 2 ပြိုင်ပွဲ ယှဉ်ပြိုင်မှု




● ဟန်ကျိုး၊ စက်တင်ဘာလ(၂၉)ရက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ဟန်ကျိုးမြို့ရှိ China Hangzhou E-Sports Center ၌ကျင်းပသည့် E-Sports အားကစားနည်းမှ Dota 2 ပြိုင်ပွဲကို ဒေသစံတော်ချိန် ည(၈)နာရီတွင် ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက မွန်ဂိုလီးယားအသင်းကို အနိုင်ရရှိခဲ့ပြီး ဆက်လက်၍ Dota 2 ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာ ဥဇဘက်ကစ္စတန်အသင်းက မြန်မာအသင်းကို အနိုင်ရရှိသွားပါသည်။

## အိုလံပစ်ပွဲအတွက် ပထမဆုံးအကြိမ် ဗီယက်နမ်စက်ဘီးအားကစားသမား ခြေစစ်ပွဲအောင်မြင်




စက်ဘီးသမား Nguyen Thi That သည် တနလ်ာနေ့က ကျင်းပပြုလုပ်ခဲ့သော ၂၀၂၃ ခုနှစ်၊ အာရှတာဝေး စက်ဘီးစီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီး အားကစားပြိုင်ပွဲတွင် သမိုင်းဝင်အောင်မြင်မှုမှတ်တိုင်တစ်ခု ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ပဲရစ် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ဗီယက်နမ်နိုင်ငံမှ ပထမဦးဆုံး အရည်အချင်းပြည့်မီသော အားကစားသမားတစ်ဦး ဖြစ်ပါသည်။

Nguyen Thi That သည် ဗီယက်နမ် စက်ဘီးသမိုင်းတစ်လျှောက် အိုလံပစ် အားကစားပြိုင်ပွဲတွင် ပါဝင်ခွင့်ရသည့် ပထမဆုံးသော အားကစားမယ်ဖြစ်ပါသည်။

တနလ်ာနေ့က ထိုင်းနိုင်ငံမှာ ကျင်းပခဲ့သော ၂၀၂၃ခုနှစ်၊ အာရှတာဝေးစက်ဘီးစီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးအားကစားပြိုင်ပွဲ အမျိုးသမီး(၁၀၉)ကီလိုမီတာ တာဝေးပြိုင်ပွဲ

စာမျက်နှာ(၇၁)သို့ ▶




ကျောဖုံးသတင်း∘∘∘မှအဆက်

Zumba Fitness အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ ရိုးရာအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပြီး ပြိုင်ပွဲအစမှအဆုံးအထိ ပါဝင်ကူညီပေးခဲ့ကြသူများအား ကချင်ပြည်နယ်ဖူဆယ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဂျပ်မွန်းအောင်မှ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ပြီးနောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို Y.F.T FC အသင်းမှ မောင်စည်သူအောင်၊ ဂိုးသမားအကောင်းဆုံးဆုကို Y.F.T FC အသင်းမှ မောင်ဇေယျာမင်းသိန်း၊ အတိုးတက်ဆုံး အားကစားသမားဆုကို Naura FC အသင်းမှ မောင်ဒင့်နော်တို့အား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှလည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသော Kachin Real FC အသင်းကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှလည်းကောင်း၊ ဒုတိယဆုရရှိသော Naura FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ လည်းကောင်း၊ ပထမဆုရရှိသော Y.F.T FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဒိုင်းဆုဖလားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူမှ လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။














စာမျက်နှာ(၆၉)...မှအဆက်

တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည့်အတွက် အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခြင်း ခံခဲ့ရပါသည်။

ဗီယက်နမ် စက်ဘီးစီးအဖွဲ့၏ နည်းပြချုပ် Huynh Van Chanh က Nguyen Thi That အနေဖြင့် ယခုပြိုင်ပွဲတွင် အာရှချန်ပီယံဖြစ်ခဲ့သည့်အတွက် ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရန် အထောက်အကူများစွာဖြစ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် Nguyen Thi That အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်(၂၆)ရက်နေ့မှ ဩဂုတ်လ(၁၁)ရက်နေ့အထိ ကျင်းပရန်စီစဉ်ထားသော ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ကမ္ဘာ့စက်ဘီးအဖွဲ့ချုပ်(UCI)မှ တရားဝင် အတည်ပြုချက်ကို စောင့်ဆိုင်းရန်လိုအပ်မည်ဖြစ်ပါသည်။

ဗီယက်နမ် စက်ဘီးစီးအဖွဲ့ချုပ် (VCF)အနေဖြင့် ကမ္ဘာ့စက်ဘီးအဖွဲ့ချုပ်(UCI)မှ တရားဝင်အတည်ပြုချက် မရရှိသေးသော်လည်း အာရှပြိုင်ပွဲများကို ကြီးကြပ်သည့်(UCI)မှ နိုင်ငံတကာ ဒိုင်လူကြီးများက ဗီယက်နမ်အမျိုးသမီး စက်ဘီးစီးအသင်းသည် ၂၀၂၄ ခုနှစ်၊ ပဲရစ်အိုလံပစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တရားဝင်နေရာ တစ်နေရာရရှိထားသည်ကို အလွတ်သဘောဖြင့် အတည်ပြုခဲ့ကြောင်း ဗီယက်နမ် စက်ဘီးစီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Nguyen Ngoc Vu ၏ပြောကြားချက်ကို Thanh Nien (လူငယ်) သတင်းစာမှ ကိုးကားဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်က တာဂျစ်ကစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သော ၂၀၂၂ခုနှစ်၊ အာရှတာဝေး စက်ဘီးစီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီး အားကစားပြိုင်ပွဲတွင် Nguyen Thi That သည် အမျိုးသမီးအကြီးတန်း(၁၁၁)ကီလိုမီတာ တာဝေးပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ အာရှတာဝေးစက်ဘီးစီးပြိုင်ပွဲနှင့် မသန်စွမ်း စက်ဘီးအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ Rayong မြို့တွင် ဇွန်လ(၇)ရက်နေ့မှ (၁၃)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

ဘာသာပြန်ဆိုသူ - ဒေါ်ခင်သက်ဆွေ
(ဌာနခွဲစာရေး)
ဒေါ်အိအိသက်(ကြီး/ရေး)
ဒေါ်ရွှေမော်ဝင်း(ငယ်/ရေး)

# Y.F.T FC အသင်း မိတ်ဆက်ပွဲနှင့် အမျိုးသား(အလွတ်တန်း)ဖူဆယ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ




● ကချင်၊ စက်တင်ဘာလ(၁၀)ရက်။

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကချင်ပြည်နယ် ဖူဆယ်ဘောလုံးဆပ်ကော်မတီ တို့ပူးပေါင်းကျင်းပသည့် Y.F.T FC အသင်း မိတ်ဆက်ပွဲနှင့် အမျိုးသား (အလွတ်တန်း)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နေ့လယ်(၁၅း၀၀)နာရီအချိန်တွင် ငြိမ်းချမ်းသာယာ ဖူဆယ်အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ပြည်နယ်ဥပဒေချုပ်တို့ကို ဘင်ခရာအဖွဲ့မှ ကြိုဆိုခဲ့ကြပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်၊ ဝန်ကြီးများ၏ ဇနီးများ၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝါသနာရှင်များ၊ ရိုးရာအကအဖွဲ့များ၊ Zumba Fitness အကအဖွဲ့နှင့် ဘင်ခရာအဖွဲ့များ တက်ရောက်အားပေးခဲ့ကြပါသည်။

ထို့နောက် ပြိုင်ပွဲမစတင်မီ ရိုးရာအကအဖွဲ့ဖြင့် စတင်ဖျော်ဖြေကပြတင်ဆက်ခဲ့ပြီး ပြိုင်ပွဲဝင်(၂)ဖက် အသင်းမိတ်ဆက်၍ ဗိုလ်လုပွဲအဖြစ် Y.F.T FC အသင်းနှင့် Naura FC အသင်းတို့ စတင်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် Zumba Fitness အကအဖွဲ့မှ ဖျော်ဖြေကပြခဲ့ကြပြီး ဒုတိယပိုင်းယှဉ်ပြိုင်ကစားမှုကို ဆက်လက်ကြည့်ရှုအားပေးခဲ့ပါသည်။

ဗိုလ်လုပွဲတွင်Y.F.T FC အသင်းမှ Naura FC အသင်းကို(၅)ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူမှ ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် ဘင်ခရာအဖွဲ့နှင့်

စာမျက်နှာ(၇၀)သို့

